မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၉ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၂၆ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၇၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်

ပြည်သူတစ်ရပ်လုံးက တပ်မတော်နဲ့တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်း လက်တွဲကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြတယ်။

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးတော့မယ်ဆိုရင် အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူတို့စားဝတ်နေမှုဖူလုံရေးနဲ့ ပြည်သူတစ်ရပ်လုံး ပညာရည်ပြည့်ဝရေးဟာ မရှိမဖြစ်လိုအပ်တဲ့ အချက်တွေပဲ ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၆၁)နှစ်မြောက် တပ်မတော်နေ့မိန့်ခွန်းမှ–

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဘင်္ဂလားဒေ့ရှ်သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၀၇ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ပါမောက္ခ ဒေါက်တာအီယာကျူဒင် အာမက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာ၌ နွေစပါးများကို စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ သန်လျင်၊ ခရမ်းနှင့် သုံးခွမြို့နယ်များ၏ ဒေသဖွံ့ဖြိုးမှုကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်၊ ခရမ်းနှင့် သုံးခွမြို့နယ်များ၏ ဒေသဖွံ့ဖြိုးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ မတ်လ ၂၆ ရက်)

နိုင်ငံတော်၏ ရည်မှန်းချက်များ ပြည့်မီရေး ပြည်သူများလက်တွဲကူညီ ဆောင်ရွက်

နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသော အထူးစီမံကိန်းကြီးများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသော စီမံကိန်းကြီးများဖြစ်သည်။ စီမံကိန်းလုပ်ငန်းကြီးများကို သက်ဆိုင်ရာဌာနအားလုံးပူးပေါင်းပြီး တက်ညီလက်ညီ ဆောင်ရွက်နိုင်ခဲ့ကြ သဖြင့် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူတစ်ရပ်လုံးက ရရှိခံစားနေကြရပြီဖြစ်သည်။

နယ်မြေဒေသအသီးသီး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံအဆောက်အအုံ များဖြစ်ထွန်းစေရန်အတွက် စီမံကိန်းကြီးများ ဖော်ဆောင်နေမှုသည် အမျိုးသားအကျိုးစီးပွား တိုးပွားစည်ပင်လာရေးကို ဖြည့်ဆည်းပေးနေခြင်းပင် ဖြစ်သည်။

ထို့အပြင် အထူးစီမံကိန်းလုပ်ငန်းကြီးများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝ မြင့်မားရေးကို များစွာအထောက်အကူပြုလျက်ရှိသဖြင့် ဆက်လက် အကောင်အထည် ဖော်မည့် စီမံကိန်းများကိုလည်း အပြန်အလှန်ညှိနှိုင်းပေါင်းစပ်မှု၊ ပူးပေါင်းကူညီမှုတို့ဖြင့် အင်တိုက် အားတိုက် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နယ်မြေဒေသအလိုက် စီးပွားရေး အခြေခံအဆောက်အအုံများ၊ စွမ်းအင်ဆိုင်ရာ အခြေခံ အဆောက် အအုံများအပါအဝင် ကျေးလက်နှင့်နယ်စပ်ဒေသများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေး အတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြည်သူ့ဆက်ဆံရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး စသည့် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးလျက်ရှိရာ ပြည်ထောင်စုတစ်ဝန်း အခြေခံကောင်း များ ရရှိနေကြပြီဖြစ်သည်။

သို့ဖြစ်ရာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့်အတူ ပြည်သူအားလုံးက တာဝန်ကျေပွန်ရုံသာမက စိတ်စေတနာကောင်းထားရှိပြီး ဝါယမစိုက်ထုတ် လုပ်ကိုင်ခြင်းဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်များပြည့်မီလာပြီး တိုင်းရင်းသားပြည်သူများ မျှော်မှန်းသည့်ပန်းတိုင်သို့ အမြန်ဆုံး ရောက်ရှိနိုင်မည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မန္တလေးတိုင်း မြစ်သားမြို့နယ် ကူမဲမြို့မှ ဦးညွန့်မောင်၊ ဦးစိန်ဝင်း ဦးဆောင်သော တိ=နိ အကျိုးတော်ဆောင်များနှင့် ရာသက်ပန်အဖွဲ့များက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ခန္တီးမြို့ ဆင်သေရွာမှ အမျိုးသမီးများနှင့်တွေ့ဆုံ အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများဆွေးနွေး

နေပြည်တော် မတ် ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦး၊ စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ခန္တီးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ခန္တီးမြို့နယ် ဆင်သေရွာသို့ရောက်ရှိကြပြီး ဆင်သေကျေးရွာမှ အမျိုးသမီးများနှင့်တွေ့ဆုံကာ ဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲများကို မတ်၁၉ရက် ညနေပိုင်းက ဆင်သေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။ (ဝဲပုံ)

ဆွေးနွေးပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက အမျိုးသမီးရေးရာအဖွဲ့အကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။ ယင်းနောက် စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက အိတ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ် ရောဂါအကြောင်းကို လည်းကောင်း၊ အဖွဲ့ဝင် ဒေါ်တင်တင်ညွန့်က လူမှောင်ခိုနှင့် လူကုန်ကူးမှု အကြောင်းများကို လည်းကောင်း ဆွေးနွေး ပြောကြားကြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပေးပို့သော စာအုပ်စာစောင်များ၊ အမျိုးသမီးရေးရာ ဝတ်စုံများ၊ မုန့်ချို၊ အေးငြိမ်းသီတာ၊ ရုပ်ပျို၊ လင်ဇီးတိုင်းရင်းဆေးများကို တက်ရောက်လာသည့် သက်ကြီးရွယ်အိုများ၊ ကလေးမိခင်များနှင့် ကိုယ်ဝန်ဆောင်များကို လက်ဆောင် ပေးအပ်သည်။

အဆိုပြုလွှာပေး

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာ ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးထံသို့ ဆင်သေကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နုက အဆိုပြုလွှာများပေးအပ်ရာ အဖွဲ့ဝင် အသိအမှတ်ပြုကတ်ပြားများနှင့် ရင်ထိုးတံဆိပ်များ ပြန်လည်ပေးကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာသည့် အမျိုးသမီးများနှင့် ရင်းနှီးပွင့်လင်းစွာ စကားဝိုင်းဖွဲ့ ဆွေးနွေးကြသည်။ ယင်းဆွေးနွေးဟောပြောပွဲနှင့် စကားဝိုင်းသို့ အမျိုးသမီးအင်အား၂၁၂ ဦး တက်ရောက်ကြသည်။

တိုင်းရင်းဆေးလှူဒါန်း

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးနှင့် အဖွဲ့ဝင်များသည် ဆင်သေကျေးရွာ ဓမ္မပါလ ဘုန်းတော်ကြီးကျောင်းတိုက်သို့ သွားရောက်ပြီး ဆရာတော်အား ဖူးမြော်ကာ ရဟန္တာရုပ်ပွားတော်များ၊ အလှူငွေများနှင့် မုန့်ချို၊ရုပ်ပျို၊ အေးငြိမ်းသီတာ၊ လင်ဇီး စသည့် တိုင်းရင်းဆေးဝါးများလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၃-၂၀၀၇ (တနင်္လာနေ့)

- ၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
- ၇:၀၅ မိခင်ရင်ခွင်မှ မေတ္တာရင်ခွင်သို့ တရားတော် [အရှင်ခေမာသိရီ လင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်)] ပိဋကတစ်ပုံခွဲဆောင် သီတဂူ ကြာတစ်ပွင့် မဟာဓမ္မကထိက ဗဟုဇနဟိတရေ
- ၈:၀၅ ဖိတ်ခေါ်ချင်သည် တောင်စခန်းမြို့ဆီ
- ၈:၂၀ တေးဂီတအစီအစဉ်
- ၈:၂၅ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၈:၄၅ တေးဂီတအစီအစဉ်
- ၈:၅၀ အသည်းရောဂါဆိုတာ ဘာလဲ (အပိုင်း-၂)(ဒေါက်တာခင်မောင်ဝင်း)
- ၉:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၂၅ အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (ဇာနည်-ကြည်လဲ့လဲ့ဦး)
- ၉:၅၅ တေးဂီတအစီအစဉ်
- ၁၀:၀၀ ရဲဘော်ဖေဒါနှင့်သူ၏ ဂီတဆရာများ (ဇော၊ ဖေဒါ၊ အုန်းသီး၊ ထင်ပေါ်)
- ၁၀:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၂၅ ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (အမျိုးသမီးများကိုယ်ဝန်ရှိခြင်းနှင့် ပတ်သက်သည့် ပြဿနာများ)
- ၁၀:၅၅ တေးဂီတအစီအစဉ်
- ၁၁:၀၀ စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ
- ၁၁:၂၀ မိုးလေဝသခန့်မှန်းချက်
- ၁၁:၂၅ ကွင်းမြေနမူနာထုတ်ယူခြင်းမှ ရရှိလာသော မြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၅၀ ကာဗွန်ဒိုင်အောက်ဆိုဒ်အခဲ ရေခဲခြောက်
- ၁၂:၁၀ တေးဂီတအစီအစဉ်
- ၁၂:၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၂၀ စိုက်ပျိုးရေးကဏ္ဍအတွက် အကျိုးထူးစေတဲ့ ကယားပြည်နယ်ရဲ့ နိုးကိုးလျှပ်စစ်ရေတင်လုပ်ငန်း
- ၁၂:၃၅ ကုန်သွယ်စီးပွား နိုင်ငံ့အား (သွင်းကုန်လုပ်ငန်း လုပ်ထုံးလုပ်နည်းများ)
- ၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီ အထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီ အထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၆-၃-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၄။ ကြည်နူးနားဆင်ပြုံးပျော်ရွှင်
- ၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၃၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၁။ မိုးလေဝသသတင်း
- ၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြစ်တစ်စင်းရဲ့သံစဉ်** (အပိုင်း-၃၄)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၇။ မေးမြန်းစူးစမ်း
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ (၆၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း **အဖေတူသား** (အပိုင်း-၄) (ဇာတ်သိမ်းပိုင်း) အကယ်ဒမီ ဇင်ဝိုင်း၊ အကယ်ဒမီ လူမင်း၊ အကယ်ဒမီ မင်းမော်ကွန်း၊ နေမျိုးအောင်၊ အကယ်ဒမီ နန္ဒာလှိုင်၊ အကယ်ဒမီ မေသဉ္ဇာဦး၊ အကယ်ဒမီ ပန်းဖြူ၊ သက်မွန်မြင့်၊ (ဒါရိုက်တာ အကယ်ဒမီ ပန်းချီစိုးမိုး)

● ရှေ့ဖုံးမှ

ရောက်ရှိ

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေ ဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာရှိ (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဖွင့်လှစ်သည့် ကျောင်းကုန်း–ဆိပ်ကြီး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ ရောက်ရှိကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးစိုးနိုင်ဦးက ကျောင်းကုန်း–ဆိပ်ကြီးလမ်းနှင့်သက်ဆိုင်သောအချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ကျေးဇူးတင်

ထို့နောက် ဗိုလ်ချုပ်ကျေးရွာမှ ရပ်မိရပ်ဖ တစ်ဦးဖြစ်သူ ဦးသိန်းတန်က လမ်းသစ် ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

အလံပေးအပ်

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က ကျောင်းကုန်း–ဆိပ်ကြီးလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းထံ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အလံကို ပေးအပ်သည်။

ထို့နောက် သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်း၊ သန်လျင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ဌေးနှင့် သန်လျင်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်မင်းတို့ထံ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ဖွင့်လှစ်ပေး

ယင်းနောက် မင်္ဂလာအချိန်တွင် သန်လျင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းတို့က ကျောင်းကုန်း–ဆိပ်ကြီး ကတ္တရာလမ်းသစ်အား ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက လမ်းမှန်ဦးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောင်းကုန်း–ဆိပ်ကြီး ကတ္တရာလမ်းသစ်မှာ ၂ မိုင် ၃ ဖာလုံရှည်ပြီး လမ်းအကျယ်မှာ ၁၂ပေဖြစ်သည်။ အဆိုပါလမ်းကိုဖွင့်လှစ်ပေးခြင်းဖြင့် သီလဝါဆိပ်ကမ်း၊ သန်လျင်တပ်နယ်နှင့် ဗိုလ်ချုပ်ကျေးရွာမှ ပြည်သူများ သန်လျင်မြို့တွင်းသို့ ချောမွေ့လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးစေ့ချပွဲ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်ဖြင့် သန်လျင်–သုံးခွ–ခရမ်းလမ်းအတိုင်းထွက်ခွာလာကြရာ သုံးခွမြို့နယ် မိုင်တိုင်အမှတ်(၄၉/၁) အနီးရှိ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခြစည်းရိုးကြက်ဆူပင်ပျိုးခင်း၌ ကျင်းပသည့် ခြစည်းရိုးကြက်ဆူကော၁၀၀မျိုးစေ့ချပွဲသို့ ရောက်ရှိကြသည်။

ထည့်သွင်းစိုက်ပျိုး

မျိုးစေ့ချပွဲတွင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းတို့က ခြစည်းရိုးကြက်ဆူမျိုးစေ့နှင့် ပျိုးကိုင်းများအား ပျိုးအိတ်အတွင်း ထည့်သွင်းစိုက်ပျိုးပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများက ခြစည်းရိုးကြက်ဆူမျိုးစေ့များနှင့် ပျိုးကိုင်းများအား ပျိုးအိတ်အတွင်း ထည့်သွင်းစိုက်ပျိုးပေးကြသည်။

ဖြန့်ဖြူးမည်

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်၏ ခြစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် လျာထားဧကမှာ ဧက၃၇၅၀ ဖြစ်၍ ယခင်နှစ်က ၇၇၅ဒသမ၂၂ ဧကစိုက်ပျိုးပြီးစီးခဲ့ပြီး ခြစည်းရိုးကြက်ဆူပင်ပျိုးထောင်ပြီး ဧကမှာ၁၈၄၂ဧက ဖြစ်သည်။ ယခုဧက ၁၀၀၀ဟိုပျိုးဥယျာဉ်မှ ခြစည်းရိုးကြက်ဆူပင်များကို ဆုံလည်စနစ်ဖြင့် စဉ်ဆက်မပြတ် စိုက်ပျိုးသွားပြီး မြို့နယ်အတွင်းရှိ လိုအပ်သောနေရာများသို့ ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နံနက် ၉ နာရီခွဲတွင် ခရမ်းမြို့နယ် ဒေးပေါက်စံပြကျေးရွာ၌ ကျင်းပသည့် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် သဘာဝအတိုင်း ထွက်ရှိသော ဓာတ်ငွေ့အသုံးပြု ကျေးရွာလျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားသို့ရောက်ရှိကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ အခမ်းအနား ပထမပိုင်းကို မှန်ဦးရှေ့၌ ကျင်းပရာရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ရန်ကုန်တိုင်း ပြန်ပြည့်မြစ်စွမ်းအင် သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း နည်းပညာကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးသောင်းဝင်းတို့က မှန်ဦးကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက သဘာဝဓာတ်ငွေ့ဖြင့် 'ကျေးရွာများ မီးလင်းပြီ' ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားဒုတိယပိုင်း ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်သော ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်ရှိ ဒေးပေါက် စံပြကျေးရွာ၊ ဒေါပုံစုကျေးရွာ၊ ရွှေဘိုစုကျေးရွာနှင့် ဌေးပင်ချောင်ကျေးရွာများ၏ သဘာဝအတိုင်း ထွက်ရှိနေသည့် ဓာတ်ငွေ့အသုံးပြု၍ ကျေးရွာ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းဖွင့်ပွဲအခမ်းအနားကိုဒေးပေါက်စံပြကျေးရွာ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်တွင် မှီတင်းနေထိုင်သည့် လူဦးရေ၏ သုံးပုံ နှစ်ပုံသော ကျေးလက်နေပြည်သူများဘဝမြင့်မားရေးအတွက် ကျေးလက်လုပ်ငန်းစဉ်ကြီး(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

ကျခံသုံးစွဲ

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့် ယင်းလုပ်ငန်းစဉ်ကြီး(၅)ရပ်ကို တိုင်းအတွင်း၌ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းအောင်မြင်ရေးအတွက် ဖြစ်နိုင်သည့် အပိုင်းကစပြီး လုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဥပဓိရုပ်ကောင်းမှု

ကျေးလက်ပညာရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် လာမည့်ကျောင်းဖွင့်အမီ ကျောင်းအားလုံး ဥပဓိရုပ်ကောင်းမွန်ရေး၊ ပရိဘောဂများပြည့်စုံရေးအတွက် ယခုကတည်းက စီစဉ်ဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

ကျေးလက် ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်မြင့်မားရေးအတွက် ဆေးရုံ၊ ဆေးပေးခန်းများ ပြုပြင်ရေး၊ ခုတင်တစ်လုံးကို ကျပ်တစ်သိန်းနှုန်းဖြင့် ဆေးပဒေသာပင်ထူထောင်ပြီး နွမ်းပါးလူနာများ အခမဲ့ဆေးဝါးကုသမှုခံယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ဆေးရုံအားလုံးနီးပါး ဆေးပဒေသာပင်အပြည့်အဝ ထူထောင်ပြီးဖြစ်ကြောင်း။

လျှပ်စစ်မီးပေးနိုင်

ယနေ့ ဒေးပေါက် ကျေးရွာ သဘာဝဓာတ်ငွေ့မီးပေးရေးလုပ်ငန်းမှာလည်း မမျှော်လင့်ဘဲ အကောင်အထည်ဖော်ဖြစ်ခဲ့သည့် ကျေးလက်ပြည်သူများ လူမှုစီးပွားရေး ဘဝဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် ရွာလေးရွာမှာရှိသည့် အိမ်ခြေတစ်ထောင်ကျော်ကို လျှပ်စစ်မီးပေးနိုင်သည့် အဆင့်အထိရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်း အရှိန်အဟုန်မပျက် ဆက်လက် ထိန်းသိမ်းသွားကြစေလိုကြောင်း ပြောကြားသွားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးလက်မီးလင်းရေးအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက အလှူငွေကျပ် သိန်း၃၀၀ ကို ခရမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော Golden Lion ကုမ္ပဏီက ငွေကျပ်၂၂သိန်း၊ KOL Global ကုမ္ပဏီက ငွေကျပ်ငါးသိန်း၊ ဒေးပေါက်စံပြကျေးရွာမှ ဓာတ်ငွေ့တွင်းတူးဖော်သူ ၂၂ဦးတို့က ငွေကျပ်သိန်း၃၀၊ ဒေါပုံစုကျေးရွာမှ ဓာတ်ငွေ့တူးဖော်သူ သုံးဦးတို့က ငွေကျပ်သုံးသိန်း၊ ရွှေဘိုစုကျေးရွာမှ ဓာတ်ငွေ့တွင်းတူးဖော်သူ နှစ်ဦးတို့က ငွေကျပ်နှစ်သိန်းနှင့် ဌေးပင်ချောင်ကျေးရွာမှ ဓာတ်ငွေ့တွင်းတူးဖော်သူ ၁၀ဦးတို့က ငွေကျပ်၁၀သိန်းတို့ကို ခရမ်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသောင်းသို့ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ဒေးပေါက်စံပြကျေးရွာ ကျေးလက်ကျန်းမာရေးဆေးခန်းအတွက် ငွေကျပ်၁၀သိန်းကို ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်သို့ ပေးအပ်လှူဒါန်းသည်။

ယနေ့ လှူဒါန်းငွေ စုစုပေါင်းမှာ ကျေးလက်မီးလင်းရေးအတွက် လှူဒါန်းငွေကျပ်၃၇၂သိန်းနှင့် ဒေးပေါက်စံပြကျေးရွာကျေးလက် ကျန်းမာရေးဆေးခန်းသို့လှူဒါန်းငွေကျပ်၁၀သိန်းဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဖြန့်ခွဲဓာတ်အားပေး ယူနစ်အမှတ် ၁ပ(၁) တွင် သဘာဝဓာတ်ငွေ့ဖြင့် မြင်းကောင်ရေ ၁၀ကောင်အားအင်ဂျင်ကို လည်ပတ်စေပြီး 3 KW ဒိုင်နမိုဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူကာ အိမ်ခြေ၅၄အိမ်နှင့် လမ်းမီး ၁၆ ခုတို့အား ဓာတ်အားပေးမှုနှင့် ဓာတ်ငွေ့လှောင်ကန် ဓာတ်ငွေ့တွင်းတို့အားလည်းကောင်း၊ ဖြန့်ခွဲဓာတ်အားပေးယူစနစ် အမှတ် ၁ပ(၂) တွင် သဘာဝဓာတ်ငွေ့ဖြင့် မြင်းကောင်ရေ၁၀ကောင်အားအင်ဂျင်ကိုလည်ပတ်စေပြီး 3 KW ဒိုင်နမိုဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူကာ အိမ်ခြေ၅၃ အိမ်နှင့် လမ်းမီး၁၂ခုတို့အားလျှပ်စစ်ဓာတ်အားပေးမှုနှင့် ဓာတ်ငွေ့လှောင်ကန် ဓာတ်ငွေ့တွင်းတို့အား လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

စီစဉ်ဆောင်ရွက်

ကျေးရွာလေးရွာတွင် သဘာဝဓာတ်ငွေ့မှ လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲရာတွင် ဒေးပေါက်စံပြကျေးရွာရှိ ဓာတ်ငွေ့တွင်း ၂၉ တွင်းရှိ ဓာတ်အားပေးယူနစ်၁၂ခုမှထွက်ရှိသော ဓာတ်အား 36 KW ကို အိမ်မီးနှစ်ပေမီးချောင်း ၅၂၆ချောင်း၊ တီဗွီ၁၂လုံး၊လမ်းမီး နှစ်ပေမီးချောင်း၁၄၇ချောင်းသို့လည်းကောင်း၊ ဒေါပုံစုကျေးရွာတွင် ဓာတ်ငွေ့တွင်း သုံးတွင်းရှိ ဓာတ်အားပေးယူနစ်တစ်ခုမှ ထွက်ရှိသော ဓာတ်အား ၇ဒသမ၅ ကို အိမ်မီးနှစ်ပေမီးချောင်း ၆၂ ချောင်း၊ တီဗွီနှစ်လုံး၊ လမ်းမီး နှစ်ပေမီးချောင်း ၂၂ချောင်းသို့လည်းကောင်း၊ ဌေးပင်ချောင်ကျေးရွာတွင် သဘာဝဓာတ်ငွေ့တွင်း၁၀ တွင်းရှိ ဓာတ်အားပေးယူနစ် ငါးခုမှထွက်ရှိသော ဓာတ်အား 15KW ကိုအိမ်မီး နှစ်ပေမီးချောင်း ၂၂၀၊ တီဗွီငါးလုံး၊ လမ်းမီး နှစ်ပေမီးချောင်း ၆၅ ချောင်းသို့လည်းကောင်း၊ ရွှေဘိုစုကျေးရွာတွင် သဘာဝဓာတ်ငွေ့တွင်း နှစ်တွင်းရှိ ဓာတ်အားပေးယူနစ်တစ်ခုမှ ထွက်ရှိသော ဓာတ်အား 3KW ကို အိမ်မီး နှစ်ပေမီးချောင်း ခုနစ်ချောင်း၊ တီဗွီတစ်လုံး၊ လမ်းမီး နှစ်ပေမီးချောင်း ၁၅ ချောင်းတို့သို့ ဖြန့်ဝေသုံးစွဲလျက်ရှိပြီးနိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးရွာတစ်ရွာတွင် ထုတ်ကုန်တစ်မျိုး ထုတ်နိုင်ရေးအတွက် ညပိုင်းတွင် ကျေးရွာမီးလင်းရေးအတွက် ဆောင်ရွက်ပြီး နေ့ပိုင်းတွင် အသေးစားစက်မှုလုပ်ငန်းများအတွက် လျှပ်စစ်မီးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည်ခရမ်းမြို့နယ် ကွမ်းမိုးရှိန်းစံပြကျေးရွာ မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ခွဲ သာသနဇောတိက မစိုးရိမ်တိုက်သစ်သို့ရောက်ရှိပြီး မန္တလေးမစိုးရိမ်တိုက်သစ် ဒုတိယမဟာနာယကဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးတို့က ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချတရားနာယူ

ထို့နောက် ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များက ငါးပါးသီလခံယူ ဆောက်တည်ကြပြီး တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက ကွမ်းမိုးဟိန်း စံပြကျေးရွာ ကျေးလက်ဆေးခန်းအတွက် အလှူငွေကျပ် ၁၀သိန်းကို ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်ထံ ပေးအပ်လှူဒါန်းကာ ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် သုံးခွမြို့နယ် တကောရေထိန်းတံခါးစီမံကိန်းသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး စီမံကိန်းရှင်းလင်းဆောင်၌ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေအား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှဒုတိယညွှန်ကြားရေးမှူး ဦးစိုးမြင့်ထွန်းက တကောရေထိန်းတံခါးတည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တကောရေထိန်းတံခါးအား စက်ယန္တရားများဖြင့် တည်ဆောက်နေမှုကို ရှုရပ်မှ ကြည့်ရှုစစ်ဆေးသည်။

ပြီးစီးနေ

အဆိုပါ တကောရေထိန်းတံခါးမှာ သုံးခွမြို့နယ် တကောကျေးရွာအနီး တကောချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ကွန်ကရစ် ရေတံခါးဖြစ်သည်။ ရေတံခါး အရွယ်အစားမှာ ၆ပေx၁၆ပေ တံခါး ၂၂ပေါက်ရှိပြီး ယခုအခါလုပ်ငန်း၏ ရာခိုင်နှုန်း၅၀မှာ ပြီးစီးနေပြီဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် စစ်ပင်ကွင်း ကျေးရွာ၌ လယ်သမားကြီး ဦးဌေးလှိုင်၏ လယ်ကွင်းသို့ ရောက်ရှိပြီး ဦးဌေးလှိုင်၏ လယ်မြေ သုံးဧကတွင် စိုက်ပျိုးထားသည့် နွေစပါးများကို စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြွေလှေ့နေသည်ကို ကြည့်ရှုအားပေးသည်။ အဆိုပါလယ်မှ စပါးတစ်ဧက တင်း ၈၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် လယ်သမားကြီးများအား အားပေးတိုက်တွန်းစကားပြောကြားပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက် ထုတ်လုပ်မှု ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာနသည် အာဆီယံစွမ်းအင်ဆိုင်ရာဗဟိုဌာန (ASEAN Center for Energy-ACE)၊ ဂျပန်နိုင်ငံ စွမ်းအင်စီးပွားရေးသိပ္ပံ (Institute of Energy Economic Japan-IEEJ)နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းတို့ပူးပေါင်း၍ တတိယအကြိမ်မြောက် အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံတို့၏ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွမ်းအင်ခြိုးခြံချွေတာရေးဆိုင်ရာ ဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို မတ် ၁၆ရက် နံနက်၉နာရီက ရန်ကုန်မြို့ တက္ကသိုလ်များ (လှိုင်နယ်မြေ)ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ တာဝန်ရှိသူများ၊ အာဆီယံစွမ်းအင်ဆိုင်ရာ ဗဟိုဌာန အမှုဆောင်ဒါရိုက်တာ Dr. Weena wat Chantanokome၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ Ms. Rabiah Al Adawiyah နှင့် အာဆီယံ ၁၀နိုင်ငံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယား သမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားအပြီးတွင် ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံမှ ၂၀၀၆ ခုနှစ် အာဆီယံ အစားထိုးစွမ်းအင်ဆုတံဆိပ်ရရှိခဲ့သော လှိုင်သာယာစက်မှုဇုန်ရှိ မြန်မာတီထွင်သူများ သမဝါယမအသင်းလီမိတက် (MICS)၏ စပါးခွံလောင်စာသုံးဓာတ်ငွေ့ထုတ်စက်ပြုလုပ်သည့် စက်ရုံသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ **(အပေါ်ပုံ)** ဥက္ကဋ္ဌ ဦးစိုးတင့်အောင်က စပါးခွံလောင်စာသုံး ဓာတ်ငွေ့ထုတ်စက် ထုတ်လုပ်မှု အဆင့်ဆင့်အရ ဒီဇယ်ကုန်ကျမှု ရာခိုင်နှုန်း၂၀နှင့် စပါးခွံ ဓာတ်ငွေ့ရာခိုင်နှုန်း ၈၀ အသုံးပြုနိုင်သည့်အပြင် စပါးခွံဓာတ်ငွေ့ ရာခိုင်နှုန်း ၁၀၀ ဖြင့် အင်ဂျင်မောင်းနှင်နိုင်ပြီး စပါး၊ ထင်း၊ အုန်းလက်၊ ကိုင်းပင်လောင်စာထိုး Gasifier စက်များအား တိုးချဲ့ထုတ်လုပ်ပြီး ချောင်းသာ၊ ငွေ၊ တောင်ကုတ်၊ ကိုကိုးကျွန်းဒေသများ မီးလင်းရေးအတွက် အသုံးပြုနေကြသည့် Gasifier ထုတ်လုပ်အသုံးချမှုများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားပြီးနောက် လက်တွေ့မောင်းနှင်ပြသခဲ့သည်။ **(က–ပ)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

၁၉၄၈ ခုနှစ်က လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်နှင့် ထပ်တူညီမျှဖြစ်သော ယနေ့ ဦးတည်ချက်များ

တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက် (၄)ရပ်ကို ချမှတ်ထားသည်။

ဤစာရေးသူအနေဖြင့် (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်(၄)ရပ်ကို လေ့လာသုံးသပ်မိသမျှ တင်ပြရပါလျှင်–

ဦးတည်ချက် အမှတ်(၁)“**အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ရေး**”သည် ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သား တိုင်းရင်းသားပြည်သူများ ချမှတ်ဦးတည်သည့် အမျိုးသားရေးပန်းတိုင်ကို တပ်မတော်က ပြည်သူနှင့်အတူတကွခံယူကာ ပြည်သူနှင့်အတူ ထိုနိုင်ငံတော်ပန်းတိုင်အရောက် ကြိုးပမ်းချီတက်မည်ဟု အဓိပ္ပာယ်ဆောင်လေသည်။ ပြည်သူတို့ ရည်မှန်းချီတက်နေသောပန်းတိုင်သို့ ဆောလျင်စွာရောက်ရှိစေမည်ဟု အာမဝန္တာခံသည့် သဘောပင် ဖြစ်သည်။

ယင်းဦးတည်ချက်ပန်းတိုင်သည် ပြည်သူတစ်ရပ်လုံး နေလိုလလို တောင့်တနေသည့် ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်း၊ ခေတ်မီပညာရပ်များဖြင့် ရယူသည့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုများ ပြည့်လျှံခြင်းတို့ ပြည့်ဝစေမည့် ဦးတည်ချက်ဖြစ်သည်။ ယင်းသို့ ပြည့်စုံသော နိုင်ငံတော်တွင် ပြည်သူတို့ အလိုရှိနေကြသည့် ဒီမိုကရေစီတည်းဟူသော ပြည်သူတို့ အကျိုးစီးပွားကို ပြည်သူတစ်ရပ်လုံးဆန္ဒနှင့်အညီ ပြည်သူတို့ လွတ်လပ်စွာ ရွေးချယ်သော နည်းလမ်းများဖြင့် စည်းကမ်းတကျ အကောင်အထည်ဖော်ခွင့်သည် အထက်ပါ ဦးတည်ချက်၏ ဒုတိယအပိုင်း ဖြစ်လေသည်။

ပရမ်းပတာလုပ်ပိုင်ခွင့်၊ မိမိတို့တစ်ဦး၊ တစ်စု၊ တစ်ဖွဲ့ ထင်ရာစိုင်းခွင့် ဥပဒေချိုးဖောက်ကာ မိမိတို့အကျိုးအတွက် မင်းမဲ့စရိုက်ဖြင့် ပြည်သူတို့၏ ငြိမ်းချမ်းသာယာမှုကို နှောင့်ယှက်ခြင်း၊ ပြည်ပသြဇာခံကာ အမိနိုင်ငံပြိုကွဲအောင် လုပ်ခွင့်သည် မြန်မာပြည်သူတို့ လိုချင်သော ဒီမိုကရေစီမဟုတ်ပေ။ ယနေ့ ကမ္ဘာ့မျက်နှာပြင်ပေါ်တွင် ဖြစ်ပွားနေသော ပြည်ပစွက်ဖက် ကျူးကျော်မှုကို ဒီမိုကရေစီ အမည်တပ်ကာ တိုက်ခိုက်သတ်ဖြတ်နေကြသည်များမှာ စစ်မှန်သော ဒီမိုကရေစီမဟုတ်ပေ။ ကိုလိုနီပုံစံသစ်ဖြင့် ဒီမိုကရေစီ တံဆိပ်တုတပ်ကာ ယင်းနိုင်ငံများကို ဖျက်ဆီးဝါးမျိုနေခြင်းသာ ဖြစ်သည်ဟု မြန်မာတို့က ရှုမြင်ထားပြီး ဖြစ်ပေသည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံး အကျိုးစီးပွားကို ပြည်သူ့ဆန္ဒနှင့်အညီ ပြည်သူလူထုကြီး ရွေးချယ်သောလမ်းအတိုင်း လွတ်လပ်စွာ စည်းကမ်းတကျ လျှောက်လှမ်းနိုင်ခွင့်ကိုသာ မြန်မာတို့က စည်းကမ်းကျနစစ်မှန်သော ဒီမိုကရေစီဟု အနက်အဓိပ္ပာယ် ကောက်ယူပြဋ္ဌာန်းပြီး ဖြစ်ပေသည်။

ဤသို့သော နိုင်ငံတော်ကြီး အေးချမ်းသာယာ ခေတ်မီစွာဖွံ့ဖြိုးပြီး စည်းကမ်းတကျဖြင့် ပြည်သူ့လုပ်ပိုင်ခွင့်တည်းဟူသော ဒီမိုကရေစီနိုင်ငံတော်ကြီးကို အပြည့်အဝ အကောင်အထည်ဖော် တည်ဆောက်မည်ဟူသော ပြည်သူ့ဆန္ဒ၊ ပြည်သူ့ရည်မှန်းဦးတည်ချက်ကို ပြည်သူ့အကျိုး အစဉ်ရှေးရှုသောတပ်မတော်က ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်မည်ဟု သန္နိဋ္ဌာန်ချမှတ်လိုက်ခြင်း ဖြစ်ပေသည်။

“**နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒ (၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး**” ဟူသည် ယခုနှစ် တပ်မတော်နေ့ ဦးတည်ချက် အမှတ်(၂) ဖြစ်ပေသည်။

နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရေး လမ်းပြမြေပုံပင် ဖြစ်သည်။

တိုင်းရင်းသားပြည်သူစုံ၊ လူထုလူတန်းစားစုံ၊ တရားဝင်ရပ်တည်နေသော ပါတီစုံတို့မှ ကိုယ်စားလှယ်များပါဝင်သည့် အမျိုးသားညီလာခံကြီးက နိုင်ငံတော် အခြေခံဥပဒေ ပေါ်ထွန်းလာစေမည့် အခြေခံမူများ၊ အသေးစိတ်အခြေခံမူများကို ညှိနှိုင်းချမှတ်သည်။ ယင်းမူများဖြင့် အခြေခံ ဥပဒေသစ်ရေးဆွဲကာ ပြည်လုံးကျွတ် ဆန္ဒခံယူ အတည် ပြုပေးမည်။ ပြည်သူက အတည်ပြုပေးသည့် အခြေခံဥပဒေသစ်နှင့်အညီ ပြည်သူ့ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်မည်။ နိုင်ငံတော်အကြီးအကဲနှင့် အစိုးရအဖွဲ့ ဖွဲ့စည်းမည်။ ယင်းအစိုးရသစ်က အခြေခံဥပဒေနှင့် အညီ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို အပြီး တည်ဆောက်သွားကြမည်။ ယင်းသို့သော ဒီမိုကရေစီ လမ်းပြမြေပုံ အဆင့်(၇)ဆင့်စလုံးတွင် တပ်မတော်က မိမိတို့ကျရာတာဝန်များကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ပေသည်။ ယင်းသို့ ထမ်းဆောင်ရာ၌ တိုင်းရင်းသားလူမျိုးတစ်ရာကျော် မိသားစုကြီး၏ ဤပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသော၊ ပြည်ထောင်စုကြီး ကောင်းကျိုးကိုသာ

တက္ကသိုလ်မြတ်သူ

ရှေးရှုသော၊ ပြည်ထောင်စုသားအားလုံး စည်းလုံးညီညွတ်သွေးစည်းမှုကို ဖော်ဆောင်သော၊ ပြည်ထောင်စုကြီး ထာဝရ တည်တံ့နေစေလိုသော၊ ပြည်ထောင်စုကြီး အစဉ်အမြဲ အချုပ်အခြာအာဏာ တည်တံ့နေစေခြင်း (လွတ်လပ်ခြင်း)ကို ရှေးရှုသော၊ ပြည်ထောင်စုကြီးအပေါ် သစ္စာစောင့်သိသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ထမ်းဆောင်မည်ဖြစ်ပေသည်။ ဤဦးတည်ချက် အမှတ်(၂)သည် အမှတ်(၁) နိုင်ငံတော်ရည်မှန်းချက်ပန်းတိုင်ကို ကာယကံမြောက် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်ပင် ဖြစ်ပေသည်။

ဦးတည်ချက်(၃) “**နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး**” ဟူသော အချက်သည် ပြည်သူတို့နှလုံးသား ခံစားချက်နှင့် ဦးနှောက် (ဘဝပေးအသိ)တို့ ပေါင်းစပ်ပေါ်ထွက်လာသော ပြည်သူ့သဘောထားလေးရပ်၏ အနှစ်အသားပင် ဖြစ်သည်။ ပြည်သူတို့ လိုလားသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက် (စားဝတ်နေမှု ဖူလုံသည့်အပြင် လူနေမှုအဆင့်အတန်း မြင့်သည်ထက်မြင့်တက်လာစေ)ရေးကို နှောင့်ယှက်ဖျက်ဆီးသူမှန်သမျှ ပြည်တွင်းက အဖျက်သမားဖြစ်စေ၊ ပြည်ပကအဖျက်သမားဖြစ်စေ ပြည်သူနှင့် တပ်မတော်က ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းမည်ဟု ရည်ညွှန်းဦးတည်ထားပေသည်။

“**ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး**” ဟူသည် (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်၏ အမှတ်စဉ်(၄) ဖြစ်ပေသည်။

ဒို့တာဝန်အရေးသုံးပါး (ဝါ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ အမျိုးသားရေးတာဝန်သုံးရပ်ဟူသည် မြန်မာ–ပြည်ထောင်စုကြီး၏ ဂုဏ်ဒြပ်၊ ဥပဓိရုပ်၊ ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူတို့၏ အသက်ဝိညာဉ်ပင် ဖြစ်သည်။

ဒို့တာဝန်အရေးသုံးပါးမှာ **(၁) ပြည်ထောင်စု မပြိုကွဲရေး၊(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ (၃) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး**တို့ ဖြစ်လေသည်။ မပြိုကွဲဘဲ ခံ့ညားထည်ဝါစွာ မားမားမတ်မတ်ရပ်တည်နေသည့် လွတ်လပ်သော ပြည်ထောင်စုကြီး၏ ဂုဏ်ဒြပ်သည် မြန်မာတို့၏ ဥပဓိရုပ် ဖြစ်ပေသည်။

ပြည်ထောင်စုသားတို့ နှစ်ပေါင်းများစွာအသက်၊ သွေး၊ ချွေးစတေးပြီး ရယူတည်ဆောက်ခဲ့သည့် လွတ်လပ်သော ပြည်ထောင်စုကြီးကိုလည်းကောင်း၊ ယင်းသို့ လွတ်လပ်သော ပြည်ထောင်စုကြီးကို စုပေါင်းတည်ဆောက်ခဲ့သည့် တိုင်းရင်းသားစုံတို့၏ စည်းလုံးညီညွတ်မှုကိုလည်းကောင်း၊ တစိုးတစိ၊ နှမ်းတစ်စေ့စာမျှသော်မျှ ယုတ်လျော့ ထိပါးမခံနိုင်ကြပေ။ အချုပ်အခြာအာဏာတည်းဟူသော လွတ်လပ်ရေး ဆုံးရှုံးလျှင် ကျွန်ဖြစ်ကြမည်။ ကျွန်တို့တွင် ကိုယ်ပိုင်နိုင်ငံပိုင်နက် (ဝါ)ပြည်ထောင်စုဟူ၍ မရှိနိုင်တော့ပေ။ လွတ်လပ်ရေး ဆုံးရှုံးလျှင်ပြည်ထောင်စု ပြိုကွဲဆုံးရှုံးမည်။ ပြည်ထောင်စု ပြိုကွဲသွားလျှင်လည်း လွတ်လပ်ရေးဟူ၍ မရှိနိုင်တော့။ ယင်းသို့ ပြည်ထောင်စုကြီး ပြိုကွဲခြင်း၊ လွတ်လပ်ရေး ဆုံးရှုံးခြင်းတို့သည် တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲခြင်း၏ အကျိုးဆက်ပင်ဖြစ်ပေသည်။ ယင်းတာဝန် သုံးရပ်သည် တစ်ခုနှင့်တစ်ခု ဆက်နွှယ်နေသော သုံးလွန်းတင်ကြိုးနှင့် တူပေသည်။

လွတ်လပ်၍ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းဖြင့် နေခဲ့ရသော မြန်မာတို့သည် ၁၈၈၅ခုနှစ်တွင် နယ်ချဲ့တို့၏ ကောက်ကျစ်ယုတ်မာသော ကျူးကျော်သိမ်းပိုက်၊ သွေးစုပ်ခြယ်လှယ်မှုကို စတင်ခံခဲ့ကြရသည်။ လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသည်။ တောင်ပေါ် မြေပြန့် တိုင်းရင်းသားစုံ မျိုးချစ်များ ဘဝပေးအသိ ကိုယ်စီရှိကြပြီး နယ်ချဲ့ကို ခုခံတွန်းလှန်ခဲ့သော ၁၈၂၄ခုနှစ်၊ ၁၈၅၂ခုနှစ်၊ ၁၈၈၅ခုနှစ် ကာလများတွင် တိုင်းရင်းသားစုံ၏ သူ့ကျွန်မခံ ပြည်သူ့စစ်ပွဲများကို မြင်တွေ့ခဲ့ကြပြီး ဖြစ်သည်။

ရှေးမြန်မာတို့၏ ရဲစွမ်းသတ္တိ၊ စစ်ရည်စစ်သွေးကား မြင့်မားသည်။ နယ်ချဲ့တို့၏မှတ်တမ်းများ၌ပင် မြန်မာတို့ သတ္တိပြောင်ပုံ ချီးကျူးဂုဏ်တင် ရေးသား

စာမျက်နှာ ၅ ကော်လံ ၁ သို့

ယနေ့ခေတ်တွင်လည်း နယ်ချဲ့လက်သစ်တို့၏ အတောမသတ်နိုင်သော လောဘများကြောင့် ခေတ်မီလက်နက်၊ ကမ္ဘာဖျက် လက်နက်များဖြင့် စွက်ဖက်ကျူးကျော်နယ်ချဲ့နေသည်ကိုနေ့စဉ်ညစဉ် နိုင်ငံတကာသတင်းများ၌ တွေ့နေကြရ။ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စွာနေလိုသော ကမ္ဘာ့နိုင်ငံတိုင်း မိမိတို့နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကား၊ စစ်ရေးစွမ်းရည်များ တိုးချဲ့မြှင့်တင်နေကြခြင်းဖြစ်။ မြန်မာပြည်ထောင်စု၏ ကာကွယ်ရေးစွမ်းပကား လုံလောက်စေရန် မျိုးချစ်တပ်မတော်၏ အင်အားတောင့်တင်းနေရမည်၊ စစ်ရေးစွမ်းရည် ထက်မြက်နေရမည်။

26-3 (04) 1 3/26/07, 2:30 PM

(၆၂)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သောပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲ ဖွင့်လှစ်ပြသမည်

ရန်ကုန် မတ် ၂၅

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော် စစ်သမိုင်းပြတိုက်တွင် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ဝန်ကြီးဌာနပြခန်းများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ) ပြခန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ) ပြခန်း၊ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံး ပြခန်း၊ ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများ၊ တိုင်းစစ်ဌာနချုပ် ပြခန်းများ၊ နိုင်ငံတော် ဦးတည်ချက်(၁၂)ရပ် ပြခန်း၊ ဝန်ကြီးဌာန အသီးသီး၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြု လုပ်ငန်းများ ပြခန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပြခန်း၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပြခန်း၊ စစ်သမိုင်းပြတိုက်နှင့်တပ်မတော် မော်ကွန်းတိုက်မှူးရုံးမှ တာဝန်ယူပြသမည့် တပ်မတော်သမိုင်းပြခန်း စသည်ဖြင့် စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသသွားမည်ဖြစ်သည်။

အဆိုပါ(၆၂)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲကို အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ အခမဲ့ ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အလေးပြုပါသည် သားကောင်းများ

* ပြည်သူမျှော်မှန်း၊ လွတ်လပ်ပန်းကို
ဆင်မြန်းဆောင်ဖော်၊ တပ်မတော်။
* ငွားစွင့်ပွင့်လန်း၊ လွတ်လပ်ပန်းကို
တင့်ဆန်းဝေဖြိုး၊ အလှတိုးအောင်
ကြိုးပမ်းဆောင်ဖော်၊ တပ်မတော်။
* အနာဂတ်တွင်၊ သမိုင်းစဉ်၌
သွင်ပြင်ထည်ဝါ၊ ပြည်မြန်မာဟု
သူ, ငါစံပြု၊ လေးစားမှုနှင့်
ပြည်သူ့ဘဝ၊ ဖူလုံမှု၍
ထိုမှခေတ်မီ၊ ဖွံ့ဖြိုးစည်အောင်
တည်ကြည်ထက်သန်၊ မျိုးချစ်မာန်ဖြင့်
မိဌာန်ပုံဖော်၊ တပ်မတော်။
* သြော်– ပြည်သူ့သွေးသား၊ ပြည့်အားစင်စစ်
သားချစ်ဂုဏ်အင်၊ စာစီတင်သော်
အစဉ်ရှေးရှူ၊ ပြည်ထောင်စုတည့်
အစဉ်ရှေးရှူ၊ ညီနောင်ထုတည့်
အစဉ်ရှေးရှူ၊ တည်ထောင်မှုမို့
တုလွတ်စံကျော်၊ တပ်မတော်ဟု
မော်ကွန်းသမိုင်း၊ ဖော်ညွှန်းတိုင်းဝယ်
နှိုင်းလို့မမီ၊ မြတ်ဂုဏ်ရည်နှင့်
ဝင့်ထည်လင်းလက် နေသည်တကား။
သူတို့စွမ်းရည် လွန်လေးစား
အလေးပြုပါသည် သားကောင်းများ။ ။

(၆၂)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်–

မျိုးမြတ်မြတ်မြင့်မောင်

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

ခဲ့ကြသည်။ သို့သော် ခပ်အေးအေး ရောင့်ရဲ တင်းတိမ်စွာ နေခဲ့ကြသော ရှေးမြန်မာတို့သည် အနောက် စက်မှုအရင်းရှင် နယ်ချဲ့နိုင်ငံများ၏ လက်နက်အသစ်အဆန်းများအကြောင်း ကြိုတင်ဂရုမမူမိ၊ ကြိုတင်မပြင်ဆင်မိခဲ့ချေ။ ထို့ကြောင့် ဇာတိသွေး ဇာတိမာန် ရဲစွမ်းသတ္တိရှိပါလျက် လက်နက်ချင်းယှဉ်ရာ၌ အရေးနိမ့်ခဲ့ရသည်။

ထို့ကြောင့် ယနေ့ မြန်မာ့တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော်အဖြစ် တိုးမြှင့်၊ တိုးဆင့်တည်ဆောက်နေရမည်သာ ဖြစ်သည်။ ရှေးကလည်း ဝိသမလောဘသား နယ်ချဲ့များသည် လက်နက်အားကိုးဖြင့် နိုင်ငံတကာကို ကျူးကျော်ကြသည်။

ယနေ့ခေတ်တွင်လည်း နယ်ချဲ့လက်သစ်တို့၏ အတောမသတ်နိုင်သော လောဘများကြောင့် ခေတ်မီလက်နက်၊ ကမ္ဘာဖျက် လက်နက်များဖြင့် စွက်ဖက်ကျူးကျော်နယ်ချဲ့နေသည်ကိုနေ့စဉ်၊ ညစဉ် နိုင်ငံတကာသတင်းများ၌ တွေ့နေကြရပေသည်။ ထို့ကြောင့်လည်း အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စွာ နေလိုသော ကမ္ဘာ့နိုင်ငံတိုင်း မိမိတို့နိုင်ငံ၏ ကာကွယ်ရေးစွမ်းပကား၊ စစ်ရေးစွမ်းရည်များ တိုးချဲ့မြှင့်တင်နေကြခြင်း ဖြစ်ပေသည်။ မြန်မာပြည်ထောင်စု၏ ကာကွယ်ရေးစွမ်းပကား လုံလောက်စေရန် မျိုးချစ်တပ်မတော်၏ အင်အားတောင့်တင်းနေရမည်၊ စစ်ရေးစွမ်းရည် ထက်မြက်နေရမည် ဖြစ်ပေသည်။

အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးသော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီပန်းတိုင်သည် ပြည်သူတို့ ကိုယ်စိတ်နှစ်ပါး အလိုဆန္ဒပြည့်ဝသည့် ပီတိ အရသာ ခံစားနိုင်ခြင်းကို ပေးစွမ်းပေသည်။ ထိုအရသာကို ထာဝရတည်တံ့ ခိုင်မြဲနေသည့် နိုင်ငံ (ပြည်ထောင်စု) ကြီးနှင့် လွတ်လပ်သော နိုင်ငံဟူသော ရေခံမြေခံပေါ်တွင်သာ ခံစားနိုင်ကြသည်။ ထို့ကြောင့်လည်း ထိုအရသာကို လွတ်လပ်ရေးအရသာဟု ခေါ်ဝေါ်သုံးနှုန်းအပ်ပေသည်။

လွတ်လပ်နေသော ပြည်ထောင်စုကြီးအဖြစ် အစဉ်တည်မြဲနေစေအောင် တိုင်းရင်းသားပြည်သူလူထုကြီး၏ စည်းလုံးညီညွတ်မှုဖြင့်သာ ကာကွယ် စောင့်ရှောက်နိုင်ပေမည်။ လွတ်လပ်ရေးအရသာကို ပြည်သူတို့အပြည့်အဝ ခံစား၊ စံစားနိုင်ရန် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားနေရမည် ဖြစ်ပေသည်။

မိမိနိုင်ငံ၊ မိမိအချုပ်အခြာအာဏာ (လွတ်လပ်ရေး) တည်တံ့ခိုင်မြဲစေရန် ကမ္ဘာ့နိုင်ငံတိုင်း ကာကွယ်စောင့်ရှောက်နေကြရပေသည်။ ထို့ကြောင့် ဒို့တာဝန်အရေးသုံးပါးဟူသည် နိုင်ငံတိုင်းအတွက် အလေးအမြတ်ထားရမည့် မှန်ကန်မျှတသော သစ္စာတရား(Universal Truth) ဖြစ်ပေသည်။

၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေး ပြန်လည်ရရှိခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံသည် ထိုလွတ်လပ်ရေးရရှိသောနေ့မှာပင် အဓိဋ္ဌာန်ကိုးရပ် ချမှတ်ခဲ့ကြသည်။ နိဒါန်းပိုဒ်၌ အောက်ပါအတိုင်း ဖော်ပြထားသည်။ “အောင်စေသတည်း၊ မြန်မာသက္ကရာဇ် ၁၃၀၉ခုနှစ် ပြာသိုလဆုတ် ၉ရက် (အင်္ဂလိပ်သက္ကရာဇ် ၁၉၄၈ ခု ဇန်နဝါရီလ ၄ ရက်) တနင်္ဂနွေနေ့ ကောင်းမြတ်သော မင်္ဂလာအခါ၌ ငါတို့မြန်မာပြည်သည် လုံးဝ လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏အဖြစ်သို့ ရောက်သတည်း”။

လွတ်လပ်ရေး အဓိဋ္ဌာန်ကို တြင်းကြေ၊နဝင်းကြေ ကိုးရပ် ချမှတ်ခဲ့ကြသည်။ ယင်းအဓိဋ္ဌာန် ကိုးချက်၌ လွတ်လပ်သောလမ်းသို့ ပို့ဆောင်ခဲ့သော လွတ်လပ်ရေး လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း ချီတက်မည်ဟူ၍ လည်းကောင်း–

- **ဤနေ့ ဤအချိန်မှစ၍ ငါတို့၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး၏ သစ္စာကို မသွေဖည်စောင့်ထိန်းမည်ဟူ၍ လည်းကောင်း၊**
- **လွတ်လပ်သောနိုင်ငံသားတို့၏ မွန်မြတ်သော အခွင့်အရေးကို ခံယူသည့်နည်းတူ လွတ်လပ်သော နိုင်ငံသားတို့၏ တာဝန်ဝတ္တရားများကိုလည်း မတိမ်းမငဲ့ထမ်းဆောင်မည်ဟူ၍ လည်းကောင်း၊**
- **ဤနေ့ ဤအချိန်မှစ၍ အမျိုးသား ညီညွတ်ရေးကို ကျောက်စိုင် ကျောက်ခဲကဲ့သို့ ခိုင်မြဲအောင် ထိန်းသိမ်းမည်ဟူ၍ လည်းကောင်း၊**
- **ငါတို့ နိုင်ငံတော်သားဟူသရွေ့ကို ကြီးငယ်နီးဝေးမခြား၊ တစ်သွေး တစ်သားတည်းပြု၍ နည်းများ နိမ့်မြင့်မရှိစေရ၊ ညီတူညီမျှ ပြုမည်ဟူ၍ လည်းကောင်း၊**
- **ဤနေ့ဤအချိန်မှစ၍သူတစ်ပါးကိုလည်း မတရားမပြု၊ ငါတို့အား မတရားပြုမှုခြင်းကိုလည်း မခံ၊ အသက်နှင့်လဲ၍ကာကွယ်မည်ဟူ၍လည်းကောင်း၊**
- **ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံတော်ကြီး၏ တရားဥပဒေများကို ရိုသေစွာ လိုက်နာကျင့်သုံးမည်ဟူ၍ လည်းကောင်း၊**
- **ဤနေ့ ဤအချိန်မှစ၍ ငါတို့နိုင်ငံနှင့် ငါတို့ လွတ်လပ်ရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်မည်ဟူ၍ လည်းကောင်း၊**
- **လုံးဝလွတ်လပ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အရှည်တည်မြဲရေး တာဝန်သည် ငါတို့နှင့်တကွ ငါတို့ သားမြေးနောင်လာ အဆက်ဆက်တို့အပေါ်၌ တည်စေမည်ဟူ၍ လည်းကောင်း၊**
- **ဤငါတို့ သစ္စာအဓိဋ္ဌာန်မှန်သည့်အတိုင်း ငါတို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးသည် ကမ္ဘာ့အရှည် တည်စေသတည်း”**ဟူ၍ ဖော်ပြထားသည်။

ဤလွတ်လပ်ရေးရသည့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ပြည်ထောင်စုသားတို့ အဓိဋ္ဌာန်ပြုခဲ့သော အဓိဋ္ဌာန်ကိုးရပ်သည် ပြည်ထောင်စုကြီး ထာဝရတည်တံ့ရေး၊ လွတ်လပ်ရေးတည်းဟူသော အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ကျောက်သား ကျောက်စိုင်များပမာ မြဲခိုင်ရအောင် ထိန်းသိမ်းသွားရေး၊ ပြည်ထောင်စုနှင့် လွတ်လပ်ရေးကို ပြည်သူတို့၏ စည်းလုံးမှုဖြင့် (အသက်ပေး) ကာကွယ်ရေး၊တရားမျှတခြင်း၊ညီမျှခြင်း၊ လွတ်လပ်ခြင်း တည်းဟူသော လောကပါလတရားနှင့် အညီ လွတ်လပ်ရေးအရသာကို ညီညွတ်မျှတစွာခံစား စံစားနိုင်ကြရေးကို ရည်ညွှန်းဦးတည်ခဲ့သည်ကို တွေ့ရပါသည်။

ယနေ့ မြန်မာတို့ချမှတ်၊ သန္နိဋ္ဌာန်ချ ဦးတည်ရှေးရှုနေကြသည့် ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံတော် ဦးတည်ချက် (၁၂)ရပ်၊ အမျိုးသားရေး ပန်းတိုင်၊ ပြည်သူ့သဘောထား လေးရပ်၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် ခြောက်ရပ်၊ လူထုအစည်းအဝေးကြီးမှန်သမျှ၊ လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့ ဦးတည်ချက် မှန်သမျှ၊ အမျိုးသား ညီလာခံကြီး ကျင်းပသည့် ဦးတည်ရည်ရွယ်ချက်ခြောက်ရပ်၊ အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့သော နိုင်ငံတော် အခြေခံမူ (၁၀၄)ချက်၌ ပါဝင်သည့် နိုင်ငံတော်၏ အစဉ်ဦးတည်ရှေးရှုရမည့် ဦးတည်ချက် ခြောက်ရပ်တို့သည် ဒို့တာဝန်အရေးသုံးပါးနှင့် လွတ်လပ်ရေးအရသာကို ဖော်ဆောင်မည့် နိုင်ငံတော်(အမျိုးသား)ပန်းတိုင်တို့ကို အနှစ်ပြုဖော်ပြမြဲဖြစ်သည်။ ယခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက် လေးရပ်သည်လည်း အလားတူ တိုင်းကျိုးပြည်ပြု ဦးတည်ချက်(ဝါ) ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် ပြည်သူတစ်ရပ်လုံး ချမှတ်ခဲ့သော လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်ကိုးချက်တို့နှင့် ထပ်တူထပ်မျှ ဖြစ်သည်ဟု ဤစာရေးသူက သုံးသပ်တင်ပြလိုက်ပါသည်။ ။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တရုတ်နိုင်ငံ ဟန်ကျိုးမြို့တွင် ကျင်းပသော ဟန်ကျိုး စွန်လွှတ်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်သူတစ်ဦးကို မတ် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နယ်ပယ်စုံတွင် ပူးပေါင်းဆောင်ရွက်ရေး အိန္ဒိယနှင့်ဂျပန် နိုင်ငံခြားရေးဝန်ကြီးများဆွေးနွေး

တိုကျို မတ် ၂၅

ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ပရာနပ်မူခါဂျေးနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုအဆိုတို့ တိုကျိုမြို့တွင် မတ် ၂၂ရက်က တွေ့ဆုံဆွေးနွေးကြသည်။

ဂျပန်နှင့် အိန္ဒိယ နှစ်နိုင်ငံတို့၏ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် အပြန်အလှန် ဆက်ဆံရေး ကိစ္စရပ်များတွင် စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရေး အပါအဝင် အခြားကဏ္ဍ အများအပြားကိုလည်း နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးများက ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် နှစ်နိုင်ငံအပြန်အလှန် ဆက်ဆံရေးမှ မဟာဗျူဟာကျသော ဆက်ဆံရေးသို့ တိုးမြှင့်နိုင်ရေးကိုလည်း ဆွေးနွေးခဲ့ကြသည်။

ယခုကဲ့သို့ ဆွေးနွေးမှုမှာ နှစ်နိုင်ငံအကြား နိုင်ငံခြားရေးဝန်ကြီး နှစ်ဦး၏ ပထမဆုံး ဆွေးနွေးမှုပင် ဖြစ်သည်။

သဘောတူညီ

တစ်ဖန် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုစာချုပ်တစ်ရပ် ဆောလျင်စွာ လက်မှတ်ရေးထိုးနိုင်ရေး ကိုလည်း နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးက သဘောတူညီခဲ့ကြသည်။

ထို့အတူ နှစ်နိုင်ငံအကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံ ဒုတိယဝန်ကြီးအဆင့် တွေ့ဆုံဆွေးနွေးမှုတစ်ရပ် ပြုလုပ်ကြရေးကိုလည်း ၎င်းတို့နှစ်ဦးက သဘောတူညီခဲ့ကြသည်။

စတင်ရောက်ရှိ

အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီး ပတာနပ်မူခါဂျေးသည် ဂျပန်နိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ခရီးအဖြစ် မတ် ၂၂ ရက်က စတင်ရောက်ရှိခဲ့ခြင်း ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ယူရေနီယံ သန့်စင်မှုဆိုင်ရာ အခွင့်အရေး အီရန် စွန့်လွှတ်မည် မဟုတ်ဟုဆို

မော်စကို မတ် ၂၅

ပိုမိုဖိအားပေးခံရသည့်ကြားမှပင် အီရန်နိုင်ငံကယင်း၏ယူရေနီယံသန့်စင်မှုဆိုင်ရာ အခွင့်အရေးကို လက်လွှတ်အဆုံးရှုံးခံမည်မဟုတ်ကြောင်း ရုရှားနိုင်ငံဆိုင်ရာ အီရန်သံအမတ်ကြီး မစ္စတာအင်ဆာရီက မတ်၂၂ရက်တွင် ပြောကြားလိုက်သည်။

ပြင်းထန်စွာအရေးယူ

အီရန်နိုင်ငံနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်သစ် တစ်ရပ်ချမှတ်ရန် လောလောဆယ် ညှိနှိုင်းနေသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဒီဇင်ဘာလက ချမှတ်သည့် သဘောထားထက် ပိုမိုပြင်းထန်စွာ အရေးယူရန် ဆုံးဖြတ်ချက် ချမှတ်ကောင်း ချမှတ်မည်ဖြစ်သော်လည်း တစ်စုံတစ်ရာပြောင်းလဲ သွားလိမ့်မည်မဟုတ်ကြောင်း မစ္စတာအင်ဆာရီက ပြောကြားသည်။

တိတိကျကျ

မိမိတို့၏ ရပ်တည်ချက်မှာ နိုင်ငံတကာဥပဒေနှင့်အညီဖြစ်ကြောင်း၊ မိမိတို့သည် တရားဝင်ဘောင်အတွင်းမှ တိတိကျကျဆောင်ရွက်နေခြင်းဖြစ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။

သို့သော် တွေ့ဆုံညှိနှိုင်း အဖြေရှာမည့်အခွင့်အလမ်းများရှိသည်ဟု မိမိတို့ ယုံကြည်ကြောင်း မစ္စတာအင်ဆာရီက ပြောကြားလိုက်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်း တရုတ် တိုးမြှင့်ဆောင်ရွက်

ပေကျင်း မတ် ၂၅

တရုတ်နိုင်ငံ၌ ယခုနှစ်တွင် အမျိုးသား သဘာဝအခြေခံသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်း စီမံကိန်းအတွက် နိုင်ငံတော်က ယွမ်ငွေ၄ဒသမ၃ဘီလီယံရင်းနှီးမြှုပ်နှံဆောင်ရွက်ရန် လျာထားချက်ထားရှိကြောင်း၊ ၂၀၀၆ခုနှစ် ကာလကထက် ရာခိုင်နှုန်း၂၀တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း သုတေသနဌာနအကြီးအကဲချန်ယီယူက မတ်၂၀ရက်၌ ပြောကြားသည်။

၂၀၀၇ခုနှစ်တွင် ၎င်းလုပ်ငန်း စီမံကိန်းအတွက် အခြားသော အဖွဲ့အစည်းများမှ ထောက်ပံ့ ဖြည့်ဆည်းလျက်ရှိရာ ရင်းနှီးမြှုပ်နှံငွေပမာဏ ယွမ်ငွေ ငါးဘီလီယံထိ ရှိလာကြောင်း ချန်ယီယူက ပြောကြားသည်။

ယခုနှစ်တွင်သုတေသနပြုလုပ်ငန်း အဖွဲ့အစည်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာငွေများထောက်ပံ့ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ပါဝင်ဖွဲ့စည်း

သဘာဝသိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ငန်းကို အဖွဲ့အစည်းအသီးသီး၊ ပုဂ္ဂလိက လုပ်ငန်းများနှင့် ဌာန ဆိုင်ရာများ ပါဝင်ဖွဲ့စည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ကုန်ကျခံ

၎င်းလုပ်ငန်းစီမံကိန်းကို ၁၉၈၅ ခုနှစ်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သုတေသနပြုလုပ်ငန်းစီမံကိန်းပေါင်း၁၀၀၀၀၀ ခန့်ကို ယွမ်ငွေဘီလီယံ၂၀ ကုန်ကျခံကာ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ရေငုပ်သင်္ဘော မတော်တဆမှု ဗြိတိန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

လန်ဒန် မတ် ၂၅

မြောက်ကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတစ်စင်း အာတိတ်ဒေသတွင် လေ့ကျင့်မှုပြုလုပ်နေစဉ် မတော်တဆမှုကြောင့် သင်္ဘောပေါ်တွင် လိုက်ပါလာသော ဗြိတိန် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း မတ် ၂၂ ရက်က ဗြိတိန်စစ်ဘက်က ပြောကြားခဲ့သည်။

ပျက်စီး

အသေးစိတ် စုံစမ်းစစ်ဆေးချက်များအရ ယင်းမတော်တဆမှုသည် ၎င်းသင်္ဘော အရှေ့ပိုင်းရှိ လေသန့်စင်ကိရိယာများ၏ အစိတ်အပိုင်းများနှင့် ပတ်သက်မည်ဟု ယူဆရပြီး အပေါ်ယံ ပျက်စီးမှုသာ ဖြစ်ခဲ့ကြောင်း သိရသည်။

နျူကလီးယားလက်နက်များသယ်ဆောင်လာခြင်းမရှိသည့် ယင်းရေငုပ်သင်္ဘောသည် လျင်မြန်စွာ လှုပ်တိုက်သွားနိုင်ပြီး လုံခြုံမှု အပြည့်အဝရှိကြောင်း ဗြိတိန် ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်ဖော် ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ကုလအတွင်းရေးမှူးချုပ် ခရီးစဉ်အတွင်းအကြမ်းဖက်မှု လုံခြုံရေးကောင်စီဝင်များ ပြစ်တင်ရှုတ်ချ

ဝါရှင်တန် မတ် ၂၅

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ဘဂ္ဂဒက်မြို့သို့ သွားရောက်စဉ် အီရတ်၌အကြမ်းဖက်တိုက်ခိုက်မှုကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မတ်၂၂ ရက်တွင် ပြစ်တင်ရှုတ်ချလိုက်သည်။

အရှေ့အလယ်ပိုင်း ခရီးစဉ်အစအဖြစ် အီရတ်သို့ ရောက်ရှိနေသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည်အီရတ်ဝန်ကြီးချုပ်မာလီကီနှင့်အတူ သတင်းစာရှင်းလင်းပွဲ ကျင်းပသည့် အဆောက်အအုံအနီးတွင် ကက်ယူရှာဒုံးကျည် ကျရောက်ပေါက်ကွဲခဲ့သည်။ မည်သူမျှ ထိခိုက်ဒဏ်ရာရခြင်းမရှိဟု ရိုက်တာက ဖော်ပြသည်။

ကြေညာ

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တက်ရောက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပရာ အီရတ်ဝန်ကြီးချုပ်ရုံးကို ယင်းသို့ အကြမ်းဖက် တိုက်ခိုက်ခြင်းအတွက် ကုလသမဂ္ဂလုံခြုံရေး ကောင်စီဝင်များက များစွာ အံ့အားသင့်ပြီး ပြင်းထန်စွာရှုတ်ချကြောင်း ကုလသမဂ္ဂဆိုင်ရာတောင်အာဖရိက သံအမတ်ကြီး ဒူမီဆာနီက ကြေညာသည်။ သူသည် လုံခြုံရေး ကောင်စီ၏ ယခုလ၌ သဘာပတိ ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ကိုလံဘီယာ၌ မူးယစ်ဆေးဝါးခြောက်တန် ဖမ်းဆီးရမိ

ဘိုဂိုတာ မတ် ၂၅

ကိုလံဘီယာ ရေတပ်သင်္ဘောတစ်စင်းက ပစိဖိတ်သမုဒ္ဒရာတွင် ကင်းလှည့်စဉ်အတွင်း တရားမဝင် မူးယစ်ဆေးဝါးတန်ချိန်ခြောက်တန်ကို ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ယင်းမှာ ယခုနှစ်အတွင်း ကိုလံဘီယာနိုင်ငံ၏အကြီးမားဆုံးမူးယစ်ဆေးဝါးဖမ်းဆီးရမိမှုပင် ဖြစ်ကြောင်း၊ ပစိဖိတ်ကမ်းခြေစောင့်တပ်ဗိုလ်ချုပ်ကြီး အော်လန်ဒိုမာကာဇာက မတ်၂၁ရက်တွင် ပြောကြားသည်။

ကိုလံဘီယာနိုင်ငံသည် ကမ္ဘာ့ထိပ်တန်းကိုကင်းထုတ်လုပ်သည့်နိုင်ငံအဖြစ် ရှိနေဆဲဖြစ်ကြောင်း၊ လက်ဝဲသူပုန်များက တရားမဝင် မူးယစ်မှောင်ခိုရောင်းဝယ်နေခြင်းကို တိုက်ဖျက်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

အချိန်အကြာဆုံး စက်ဘီးစီးစံချိန်

အချိန်အကြာဆုံး စက်ဘီးစီး စံချိန်တင်နေသူ တစ်ဦးအား တွေ့ရစဉ်။ (ယာပုံ)

အင်္ဂလန်နိုင်ငံမြောက်ပိုင်း ဘူရာရစ်မြို့ အားကစားရုံတစ်ခု၌ ဂျော့ဟုဒ် အမည်ရှိ အသက်(၄၉) နှစ်အရွယ် အမျိုးသားတစ်ဦးက စက်ဘီးစီးနင်းမှုကို အချိန် ၈၅ နာရီကြာအောင် မရပ်မနား စက်ဘီးစီးနင်းမှု ပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်တွင် အချိန်အကြာမြင့်ဆုံး စက်ဘီးစီးနင်းသူအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ ယခင်ကစံချိန်မှာ ၈၂နာရီဖြစ်သည်။ **(အင်တာနက်)**

ထူးထူးခြားခြား လက်ဖက်ပွဲတော်

လက်ဖက်ပွဲတော်တွင် ဖျော်ဖြေ နေကြသူများကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ဟန်ကျိုးမြို့တွင် တရုတ်တို့၏ လက်ဖက်ပွဲတော်တစ်ရပ် ကျင်းပရာ လက်ဖက်ခင်းများအတွင်း တရုတ်ရိုးရာ တူရိယာများကို တရုတ်အမျိုးသမီးငယ်လေး များစွာက စုပေါင်းတီးခတ်ဖျော်ဖြေခဲ့ကြပြီး ထောင်ပေါင်းများစွာသော ဧည့်ပရိသတ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အင်တာနက်)

UNODC သည် မြန်မာနိုင်ငံအတွင်း HIV/AIDS နှင့် မူးယစ်ဆေးဝါးသုံးစွဲမှု တိုက်ဖျက်ရေးအောင်စီဖြစ် HIV/AIDS တိုက်ဖျက်ရေးအမျိုးသားရေး မဟာဗျူဟာစီမံချက်ကို ပူးပေါင်းဆောင်ရွက်နိုင်ခဲ့

မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် နယ်စပ်ဒေသ ဆက်ဆံရေးရုံးများ ဖွင့်လှစ်ဖော်ဆောင်ခဲ့ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းတွင် ပါဝင် အကောင်အထည်ဖော်နိုင်ခဲ့

■ ကျောဖုံးမှ

UNODC ၏ ၂၀၀၆ခုနှစ် ရွှေတြိဂံဒေသ ဘိန်းစစ်တမ်းအရ မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၀၅ခုနှစ်ထက် ၂၉ရာခိုင်နှုန်း ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၉၈ခုနှစ်က ဘိန်းစိုက်ပျိုးမှု ၁၃၀၃၀၀ ဟက်တာရှိခဲ့ရာမှ ၂၀၀၆ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ဟက်တာ ၂၁၅၀၀ သာရှိတော့၍ ၃၄ရာခိုင်နှုန်း ကျဆင်းသွားသည်ကို တွေ့ရှိနိုင်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂) 'ဝ'ဒေသတွင် ဘိန်းကင်းမဲ့ဇုန်အဖြစ် ကြေညာနိုင်ခဲ့ကြောင်း၊ အဆိုပါရလဒ်သည် မြန်မာနိုင်ငံအစိုးရ၏ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅နှစ်စီမံကိန်း (၁၉၉၉- ၂၀၁၄)အရ ၂၀၀၅ခုနှစ် ဇွန်လတွင် စတင်ခဲ့သော ဒုတိယကာလတို ငါးနှစ်စီမံကိန်းဖြင့် ဘိန်းကင်းမဲ့ဇုန်များဖြစ်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မှုကြောင့် ဖြစ်ကြောင်း။

အထောက်အကူပြု

ဘိန်းစိုက်ပျိုးမှု သိသိသာသာလျော့နည်းကျဆင်းသွားခြင်းကြောင့် ဒေသခံကျေးလက်ပြည်သူများ၏ ဘဝရပ်တည်မှု မထိခိုက်စေရေးအတွက် UNODCကလည်း အကူအညီများပေးခဲ့ကြောင်း၊ UNODCအနေဖြင့် ကိုးကန့်ဒေသနှင့်'ဝ'ဒေသမှ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်ခဲ့သူ ဒေသခံပြည်သူထောင်ပေါင်းများစွာနှင့် ၎င်းတို့၏ မိသားစုများအတွက် အစားအသောက်၊ အခြေခံဝန်ဆောင်မှုနှင့် ပညာရေးဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးနိုင်ခဲ့ကြောင်း၊ ၂၀၀၆ခုနှစ်တွင် UNODC ၏ အဓိကဆည်မြောင်း စီမံချက်ဖြစ်သော မြေဟက်တာ ၈ဧက ၈၀ အား ရေသွင်းစိုက်ပျိုးနိုင်သည့် ဟိုတောင်းမြို့နယ် နမ့်တူရေလွှဲဆည်ကဲ့သို့သော စီမံချက်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဆိုပါ စီမံချက်များက ဒေသခံစိုက်ပျိုးရေးသမားများ၏ လယ်ယာမြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုလျက်ရှိကြောင်း။

UNODC က 'ဝ'ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များကို စောင့်ကြည့်လေ့လာခဲ့ကြောင်း၊ ၂၀၀၆ခုနှစ်အစောပိုင်း စစ်တမ်းများအရ မုန်းပေါက်ဒေသတွင် ၁၉၉၉ခုနှစ်မှ ၂၀၀၅ခုနှစ်အတွင်း ဘိန်းအစားထိုး စပါးစိုက်ပျိုးမှုဧရိယာ ၇၈၅ ဟက်တာနှင့် စပါးစိုက်ပျိုးမှု ၂၁ရာခိုင်နှုန်းတိုးတက်လာပြီး ၁၉၉၉ခုနှစ်က လုံးဝမရှိခဲ့သော မြေနိမ့်စပါးစိုက်ပျိုးမှု ၄၂ရာခိုင်နှုန်းအထိရှိလာ၍ အနည်းဆုံးသီးနှံအသစ်တစ်မျိုးကို ရာခိုင်နှုန်း ၆၀အထိ တိုးမြှင့်စိုက်ပျိုးလာနိုင်သည်ကို တွေ့ရှိရကြောင်း။

ဘိန်းစိုက်ပျိုးရာသီတွင် ပုံမှန်ပြုလုပ်သော ဘိန်းတိုက်ဖျက်ရေးစီမံချက်ကို ရှောင်လွှဲပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ရာသီမဟုတ်ဘဲ ဘိန်းစိုက်ပျိုးသော မြို့နယ်သုံးခုရှိကြောင်း သတင်းများထွက်လာသဖြင့် UNODC နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအောင်စီတို့ ပူးပေါင်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စစ်တမ်းကောက်ယူမှု ပြုလုပ်ခဲ့ကြောင်း၊ ၎င်းစစ်တမ်းအရ အဆိုပါသတင်းထွက်သော ဒေသများတွင် ဘိန်းစိုက်ပျိုးမှု အထောက်အထား လုံးဝမတွေ့ရှိရကြောင်း။

UNODCသည် 'ဝ'ဒေသ မုန်းပေါက်နှင့် ဝိန်းကောင်နယ်မြေတို့တွင် မူးယစ်ဆေးဝါးဝယ်လိုအား လျော့ချရေးစီမံချက်ဖြင့် ကုသမှုများပြုလုပ်ပေးခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၆ခုနှစ် ဇူလိုင်လအတွင်း လူထောင်ပေါင်းများစွာ ဘိန်းဖြတ်ခဲ့ကြပြီး ၎င်းတို့၏မိသားစုများကိုပါ နှစ်သိမ့်ဆွေးနွေး ပညာပေးနိုင်ခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

လူကုန်ကူးမှုတိုက်ဖျက်ရေး

UNODCသည် ၂၀၀၆ခုနှစ်တွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGO အဖွဲ့အစည်းများနှင့် ဆက်သွယ်အားဖြည့်ပြီး မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းနိုင်ရန်အတွက် ရန်ကုန်မြို့တွင် အမျိုးသားအဆင့် နီးနှောဖလှယ်ပွဲတစ်ရပ် ကျင်းပနိုင်ခဲ့ကြောင်း၊ အဆိုပါ ဆွေးနွေးပွဲမှ National Plan of Action ပေါ်ထွက်လာခဲ့ပြီး ပြည်ပသို့ လူကုန်ကူးမှုခံရသူ မြန်မာနိုင်ငံသားများအား အကူအညီနှင့် အကာအကွယ်ပေးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နိုင်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါးထိန်းချုပ်ရေးအတွက် UNODC ၏ အထောက်အပံ့ဖြင့် နယ်စပ်ဒေသဆက်ဆံရေးရုံးများ ဖွင့်လှစ်၍ ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဗန်ကောက်မြို့ အခြေစိုက် UNODC ဒေသဆိုင်ရာရုံး၊ မြန်မာနိုင်ငံအခြေစိုက် UNODC ရုံးနှင့် မဟာမဲခေါင်ဒေသအတွင်း လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအစီအစဉ် UNIAPတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် နယ်စပ်ဒေသမှ ဝန်ထမ်းများအား လူကုန်ကူးမှု တိုက်ဖျက်ရေး ပညာပေးအစီအစဉ်များ ဆောင်ရွက်နိုင်ခဲ့ကြောင်းဖြင့်လည်း အဆိုပါ UNODC ၏ ၂၀၀၇ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။

HIV/AIDS ရောဂါတိုက်ဖျက်ရေး

UNODC သည် မြန်မာနိုင်ငံအတွင်း HIV/AIDSနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတိုက်ဖျက်ရေး အောင်စီတစ်ခုဖြစ်သည်နှင့်အညီ HIV/AIDSတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားရေးမဟာဗျူဟာစီမံချက်တစ်ရပ် ရေးဆွဲဖော်ဆောင်မှုတွင် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုစီမံချက်အရ မူးယစ်ဆေးထိုးသွင်းခြင်းဖြင့် HIV/AIDS ရောဂါကူးစက်မှုကို တိုက်ဖျက်သွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသား AIDS စီမံချက်တို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် UNODCနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါး ထိန်းချုပ်ရေး အောင်စီတို့သည် HIV/AIDS တိုက်ဖျက်ရေးတွင် တရားဥပဒေအရ ထိန်းသိမ်းရေး ကဏ္ဍကိုလည်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိကြောင်း။

မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းများဖြစ်သော ကုသခြင်းနှင့် ဆေးဖြတ်ခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်းနှင့် အကူအညီပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် လေ့ကျင့်ရေးဆိုင်ရာလုပ်ငန်းများကို သိန္နီမြို့နယ်နှင့် တာချီလိတ်မြို့တို့တွင် ဌာနနှစ်ခု ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ အဆိုပါဌာနများသို့ ဒေသခံလူငယ်များ လာရောက်လေ့လာခြင်းဖြင့် လုပ်ငန်းတွင်ကျယ်လာပြီး လက်တွေ့နယ်ပယ်တွင် ကောင်းစွာလေ့ကျင့်ထားသော ဝန်ထမ်းများ ရရှိလာခဲ့ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လူငယ်ဌာနများ တွင်ကျယ်စွာ ဖွင့်လှစ်ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသခံပြည်သူများအား ထိရောက်စွာပညာပေးနိုင်ခဲ့ကြောင်း။

HIV/AIDS ကာကွယ်တားဆီးရေးစီမံချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အနေဖြင့် ရဲအရာရှိသိပ္ပံတစ်ခု၊ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းသုံးခုနှင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတပ်ဖွဲ့နှစ်ခုတို့တွင် သင်တန်းများဖွင့်လှစ်ပို့ချပေးနိုင်ခဲ့ကြောင်းနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အတွင်း၌လည်း လေ့ကျင့်ပညာပေးမှုများ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း UNODC ၏အဆိုပါ ၂၀၀၇ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြထားသည်။ **(သတင်းစဉ်)**

Daewoo ရောင်စုံရုပ်မြင်သံကြားစက်များ မိတ်ဆက်ရှင်းလင်းပြသ

ရန်ကုန် မတ် ၂၅

OK Myanmar Co.,Ltd. ၏ Daewoo အမှတ်တံဆိပ် ရောင်စုံရုပ်မြင်သံကြားစက်များ မိတ်ဆက်ရှင်းလင်းပြသခြင်းကို မတ် ၁၆ရက် ညနေပိုင်းက ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်တကောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာဦးကျော်ကျော်လှိုင်က Daewoo လျှပ်စစ်ပစ္စည်းများ ဈေးကွက်တွင် ဖြန့်ဖြူးရောင်းချမှု အခြေအနေများနှင့် ဆက်လက်ဖြန့်ဖြူးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များမှ ကိုယ်စားလှယ်များကို ကုမ္ပဏီ အင်ဂျင်နီယာဝန်ထမ်းများက Daewoo ရောင်စုံရုပ်မြင်သံကြားစက်၏ စွမ်းဆောင်နိုင်မှုနှင့် အရည်အသွေးများကို ရှင်းလင်းပြသသည်။ **(အောက်ပုံ)**

ရှင်းလင်းပြသသည့် Daewoo ရောင်စုံ ရုပ်မြင်သံကြားစက်များသည် အရည်အသွေးမြင့် ရုပ်မြင်သံကြားစက်များဖြစ်ပြီး လိုင်းပေါင်း ၂၀၀အထိ ဖမ်းယူကြည့်ရှုနိုင်သည့် အဆင့်မြင့် နည်းပညာများကို အသုံးပြုထုတ်လုပ်ထားသည်။ အရည်အသွေးမြင့် ရောင်စုံ ရုပ်မြင်သံကြားစက်များတွင် အသုံးပြုနိုင်သည့်စွမ်းဆောင်နိုင်မှုအားလုံးပါရှိသည့် အပြင် RF စတူဒီယိုစနစ်၊ AV PIP စနစ်၊ အသံအတိုးအကျယ်ကို အလိုအလျောက် ထိန်းချုပ်နိုင်သော Auto Volume Limited စနစ်နှင့် Tele Test Systemတို့ ထပ်မံပါရှိသည်။ ကုမ္ပဏီအရောင်းပြခန်းများနှင့် အမြို့မြို့ အနယ်နယ်ရှိ လျှပ်စစ်ပစ္စည်း အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။

မေးမြန်းနိုင်

ဆက်သွယ်စုံစမ်းလိုပါက ကုမ္ပဏီရုံးချုပ် ဖုန်း-၀၁-၃၉၂၉၈၆-၈၇-၉၇၊ ပန်းဆိုးတန်းအရောင်းပြခန်း ဖုန်း-၀၁-၂၄၁၀၇၇၊ ၃၈၇၆၄၄၊ မဟာဗန္ဓုလ ပန်းခြံလမ်းရှိ အရောင်းပြခန်း ဖုန်း-၀၁-၃၇၆၉၉၇၊ ၃၈၄၇၄ရနှင့် ပျဉ်းမနား အရောင်းပြခန်း ဖုန်း-၀၆၇-၂၂၉၅၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပျဉ်းမပင် အရောင်းဆိုင် သဘာဝဓာတ်ငွေ့ပြန်လည်ရောင်းချ

ရန်ကုန် မတ် ၂၅

စက်ချွတ်ယွင်းမှုကြောင့် အရောင်းရပ်ထားသော အမှတ်(၀၁၀) ပျဉ်းမပင် CNG အရောင်းဆိုင်အတွက် ပြည်ပမှမှာယူထားသော စက်အရန်ပစ္စည်းများအနက် ဖိအားမြှင့်စက် တစ်လုံးစာ အရန်ပစ္စည်းများသည် မတ် ၉ရက်တွင်လည်းကောင်း၊ ဒုတိယဖိအားမြှင့်စက်အတွက် အရန်ပစ္စည်းများသည် မတ် ၂၀ ရက်တွင် လည်းကောင်း ရောက်ရှိလာခဲ့သည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ပညာရှင်များက နေ့ရောညပါ ပြုပြင်တပ်ဆင်ခဲ့ရာ ဖိအားမြှင့်စက်တစ်လုံးကို မတ် ၁၂ ရက်တွင်လည်းကောင်း၊ ဒုတိယတစ်လုံးကို မတ် ၂၃ ရက်တွင်လည်းကောင်း ပြုပြင်ပြီးစီးခဲ့ပြီး သဘာဝဓာတ်ငွေ့များ ချက်ချင်းပြန်လည်ရောင်းချနိုင်ခဲ့သဖြင့် ယာဉ်ပိုင်ရှင်များ ယခင်ကထက် ပိုမိုလျင်မြန်စွာ သဘာဝဓာတ်ငွေ့ဝယ်ယူနိုင်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

ဖားတစ်ရှဉ်းတံတားသည် ကားရော ရထားပါ ဖြတ်သန်းသွားလာနိုင်သော အရှည် ၄၆၉ ပေရှိ တံတားဖြစ် ရေဝတီအနောက်ဘက်ကမ်း လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့ပြီး ဖွံ့ဖြိုးတိုးတက်လာမည်

✽ ကျော်ဖုံးမှ

ဖွင့်ပွဲအခမ်းအနားသို့ ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသည့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ တပ်မတော် အရာရှိကြီးများ၊ တိုင်း၊ ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့မီးရထားမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖားတစ်ရှဉ်း တံတားတည်ဆောက်ရေး စီမံကိန်းမှ အမှုဆောင်အင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက **"နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးက အခြေခံကျသဖြင့် လမ်းများဖောက်၊ တံတားများ တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး ဖွံ့ဖြိုး တိုးတက်လာစေချင်ကြောင်း၊ ထို့ကြောင့်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ ရထားလမ်း၊ ကားလမ်းတို့ကို တိုးချဲ့ဖောက်လုပ်နေခြင်းဖြစ်ကြောင်း၊ ဒေသ တစ်ခုနှင့်တစ်ခု ဆက်သွယ်သွားလာရေး လွယ်ကူမှသာ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း"**ဖြင့် လမ်းညွှန်ခဲ့ကြောင်း။

ရေဝတီတိုင်းသည် ယခင်က ရေလမ်းခရီးကိုသာ အဓိကအသုံးပြုခဲ့ရကြောင်း၊ သို့ဖြစ်၍ ဒေသတစ်ခုနှင့်တစ်ခု ကုန်စည်စီးဆင်းမှုသည်လည်း

ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် ဖားတစ်ရှဉ်းတံတားဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ပြီး ပညာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတို့သည်လည်း ဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးခဲ့ခြင်းမှာ လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့်ဆိုသည်ကို တွေ့ရှိရမှာ ဖြစ်ကြောင်း၊ တပ်မတော်အစိုးရလက်ထက်တွင် ဒေသအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ အဆင်ပြေစေရေးကို အလေးထား ဆောင်ရွက်ခဲ့သည့်အတွက် ယနေ့အချိန်အခါတွင် ရေဝတီတိုင်းအတွင်း ဒေသတစ်ခုနှင့်တစ်ခု လမ်းပန်းဆက်သွယ်ရေးသည် အထူးတိုးတက်ဖွံ့ဖြိုးခဲ့သည်ကို ဒေသခံမိဘပြည်သူများ မျက်မြင်ပင်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် ရေဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ခဲ့ရာ ကားလမ်းအနေဖြင့် ပုသိမ်–မုံရွာ ကားလမ်းကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း။

အထောက်အကူပြု

ယခုအခါ စရိတ်စက သက်သာစွာဖြင့် ကုန်စည်နှင့် ခရီးသည်များကို အချိန်တိုအတွင်း များများသယ်ယူပို့ဆောင်နိုင်သည့် ရေဝတီမြစ်အနောက်ဘက်ခြမ်း၏ အဓိကရထားလမ်းကြီးဖြစ်သည့် ပုသိမ်–ကြံခင်း–ပခုက္ကူ–ကလေးရထားလမ်းကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဝန်ထမ်းများက အားကြိုးမာန်တက် တာဝန်ယူ ဖောက်လုပ်လျက်ရှိရာ မိမိတို့ ရေဝတီတိုင်းအတွင်း ကြံခင်း–ဥသျှစ်ပင်လမ်းပိုင်း ၄၀ ဒသမ ၅ မိုင်ကို အမြန်ဆုံး ဖောက်လုပ်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေကြကြောင်း။

၎င်း ပုသိမ်–ကြံခင်း–ပခုက္ကူ–ကလေး ရထားလမ်းကြီးသည် ရေဝတီမြစ် အနောက်ခြမ်းရှိ ရေဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း တိုင်းကြီးလေးတိုင်းတို့၏ နယ်မြေဒေသများကို ဖြတ်သန်းဖောက်လုပ်ထားခြင်း ဖြစ်သည့်အတွက် အဆိုပါဒေသများ၏ စီးပွားရေး၊ လူမှုရေး အပြန်အလှန်ကူးလူးဆက်ဆံရေးကို များစွာမှ အထောက်အကူပြုလာမှာဖြစ်ကြောင်း။

မှတ်တမ်းတင်

ယနေ့ဖွင့်လှစ်သည့် ဖားတစ်ရှဉ်းတံတားသည် ၎င်းရထားလမ်းအတွက် အဓိကကျသည့် တံတားတစ်ခုဖြစ်သကဲ့သို့ မြန်အောင်–ကြံခင်းကားလမ်းအတွက် ကားပါဖြတ်ကူးနိုင်သည့် တံတားတစ်ခုလည်းဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးအတွက် အရေးပါသည့် တံတားပြိုလဲခဲ့ချိန်တွင် မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်ဘက်ခြမ်းက ပြည်သူလူထုသည် စီးပွားရေး၊ လူမှုရေး ကူးသန်းဆက်သွယ်သွားလာမှု အဆက်ပြတ်ခဲ့ကြောင်း၊ အခက်အခဲများဖြစ်ခဲ့သည်ကို ဒေသခံပြည်သူများ အသိဆုံးဖြစ်ကြောင်း၊ ယနေ့တွင် ဒေသခံမိဘပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲများကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားဝန်ထမ်းများက ဖားတစ်ရှဉ်းတံတားသစ်ကြီးကို အသစ်ပြန်လည်တည်ဆောက် ဖွင့်လှစ်ပေးခြင်းဖြင့် ဖြည့်ဆည်းပေးနိုင်လိုက်ပြီဖြစ်သည့်အတွက် မင်္ဂလာရှိသည့်နေ့တစ်နေ့ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ ၁၁ လတာကာလအတွင်း ပြီးစီးအောင် တည်ဆောက်ပေးခဲ့သည့် မြန်မာ့မီးရထားဝန်ထမ်းများ၏ ဆောင်ရွက်မှုစွမ်းပကားများကိုလည်း မှတ်တမ်းတင်ကြောင်းကို ပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက တံတား တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် ဖားတစ်ရှဉ်းတံတားဟောင်းသည် ၁၉၂၃ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်သည့်အတွက် သက်တမ်းကာလ ၈၃ နှစ်ရှိပြီဖြစ်ခဲ့သလို ကားရော၊ ရထားပါ သွားလာနိုင်အောင် တည်ဆောက်ထားသည့်တံတားဖြစ်ကြောင်း၊ ယခင် ကားလမ်းအကျယ်မှာ ၁၀ ပေရှိကြောင်း၊ မာလာမုန်တိုင်း တိုက်ခတ်ပြီး ရေကြီးမှုကြောင့် တံတားပြိုလဲခဲ့ရသည့်အတွက် မြန်အောင်–ကြံခင်းလမ်းပိုင်းတွင် ရထားသာမက ကားများပါ သွားလာမှု ပြတ်တောက်ခဲ့ရသည့် အခြေအနေများ ဖြစ်ပေါ်ခဲ့ရကြောင်း၊ သို့အတွက် မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပန်းဆက်သွယ်မှု အမြန်ဆုံးကောင်းမွန်ရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် နေ့မအား၊ ညမနား အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ခဲ့ကြောင်း။

အဆိုပါတံတားကို အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲစေရန် Bore Pile အုတ်မြစ်၊ အပေါ်ပိုင်း သံကူကွန်ကရစ်တိုင်ဖြင့်တည်ဆောက်ထားပြီး တန်ချိန် ၃၀ အထိ ရှိသောကားများပါ ဖြတ်သန်းသွားလာနိုင်ရန် သစ်သားကြမ်းခင်းဖြင့် ဆောက်လုပ်ထားကြောင်း၊ ကားလမ်းအကျယ်မှာ၁၃ ပေဖြစ်ပြီး တံတားအရှည် ၄၆၉ ပေရှိကြောင်း၊ ၃၀–၄–၂၀၀၆ ရက်တွင် တံတားပြိုလဲခဲ့ပြီး ယနေ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ပြုပြင်တည်ဆောက်ချိန် ၁၁ လနီးပါး ကြာမြင့်ခဲ့ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်စေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်အတွက် ရထားလမ်းသစ်များတိုးချဲ့ဆောက်လုပ်ပေးခြင်း၊ လူစီးတွဲနှင့် ကုန်တွဲများ ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးစသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက်ပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အပိုင်းငါးပိုင်းခွဲ

နိုင်ငံတော်အကြီးအကဲက **"ရေဝတီမြစ် အနောက်ဘက်ခြမ်းဒေသသည် အရှေ့ဘက်ခြမ်းဒေသနှင့် နှိုင်းစာပါက ရေ၊ မြေသယံဇာတ အခြေအနေ မကွာဟသော်လည်း လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရကြောင်း၊ ရေဝတီမြစ် အရှေ့ဘက်ခြမ်းဒေသနှင့် အနောက်ဘက်ခြမ်းဒေသတို့ စီးပွားရေး၊ လူမှုရေးအခြေအနေ တန်းတူညီတူဖြစ်စေရန် ကြံခင်း–ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရန်မှာ မဖြစ်မနေ လိုအပ်ချက်ဖြစ်ကြောင်း၊ အဆိုပါရထားလမ်း ဖောက်လုပ်ပြီးစီးပါက ယခင် ဖောက်လုပ်ပြီးဖြစ်သော ရထားလမ်းများနှင့် ဆက်စပ်ပြီး ပုသိမ်–ကြံခင်း–ပခုက္ကူ–ကလေးမြို့အထိ သွားရောက်နိုင်မှာဖြစ်ကြောင်း"**ဖြင့် လမ်းညွှန်ခဲ့ကြောင်း။

နိုင်ငံတော်အစိုးရ၏ ထားရှိသည့်စေတနာကို ဒေသခံမိဘပြည်သူများ မျက်ဝါးထင်ထင်တွေ့ရှိရမည်

နိုင်ငံတော်အစိုးရက ရေဝတီတိုင်းနယ်မြေအတွင်း မြစ်ချောင်းများကိုဖြတ်ကျော်သည့် တံတားကြီးများ ဆောက်လုပ်ခြင်း၊ ကားလမ်းများ တိုးချဲ့ဖောက်လုပ်ခြင်းတို့ ဆောင်ရွက်ခဲ့၊ ရေဝတီမြစ် အနောက်ဘက်ခြမ်းတွင် အထင်ကရ ကားလမ်းအဖြစ် ပုသိမ်–မုံရွာ ကားလမ်းကို ဖောက်လုပ်ပေးခဲ့၊ ရထားလမ်းအနေဖြင့် ပုသိမ်မှ ကြံခင်းအထိ ရှိခဲ့ရာက ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကြံခင်း–ပခုက္ကူကို ရထားလမ်း ဆက်လက်ဖောက်လုပ်ရေး ဆောင်ရွက်လျက်ရှိရာ ပြီးစီးပါက ပုသိမ်မှ ကလေးမြို့အထိ ရထားဖြင့် တစ်ဆက်တည်း သွားလာနိုင်အောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော် ဆောင်ရွက်နေ၊ လမ်းပန်းဆက်သွယ်မှု ဒေသဖွံ့ဖြိုးတိုးတက်မှုတို့အပေါ် နိုင်ငံတော်အစိုးရ၏ ထားရှိသည့် စေတနာကို ဒေသခံ မိဘပြည်သူများ မျက်ဝါးထင်ထင် တွေ့ရှိရမည်။

ယခုအခါ ကြံခင်း–ပခုက္ကူရထားလမ်းကို ကြံခင်း–ဥသျှစ်ပင် ၄၀ဒသမ၅ မိုင်၊ ဥသျှစ်ပင်–သရက် ၆၉ မိုင်၊ သရက်–မင်းဘူး ၇၅ မိုင်၊ မင်းဘူး–စလင်း ၃၈ မိုင်၊ စလင်း–ပခုက္ကူ ၈၉ ဒသမ ၅ မိုင် စသည်ဖြင့် အပိုင်းငါးပိုင်းခွဲ၍ဖောက်လုပ်လျက်ရှိပြီး ကြံခင်း–ဥသျှစ်ပင်လမ်းပိုင်းကို မကြာမီဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်းကို အသိပေး ပြောကြားလိုကြောင်း။

အရေးပါ

သဘာဝ ဘေးအန္တရာယ်ကြောင့် ပြိုလဲခဲ့ပြီး ယနေ့ အသစ်တစ်ဖန် ပြန်လည် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ဖားတစ်ရှဉ်းတံတားသည် ပုသိမ်–ကြံခင်း–ပခုက္ကူ–ကလေး ရထားလမ်း၏ တစ်စိတ်တစ်ဒေသအဖြစ်လည်းကောင်း၊ ကားရော ရထားပါ ဖြတ်သန်းသွားလာနိုင်သည့်အတွက် ဧရာဝတီမြစ် အနောက်ဘက်ကမ်း ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကလိုအပ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်မှု ချောမွေ့ အဆင်ပြေစေရေးအတွက်လည်းကောင်း အရေးပါသည့် တံတားတစ်ခုဖြစ်သည်ကို ဒေသခံ မိဘပြည်သူများ အသိပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်သွယ်သွားလာနိုင်

ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားရာတွင် ၂၀၀၆ ခုနှစ် ဧပြီလတွင် ဧရာဝတီတိုင်းအတွင်း မာလာမုန်တိုင်း တိုက်ခတ်ခဲ့ပြီး မိုးအဆက်မပြတ် ရွာသွန်းခဲ့သည့်အတွက် မြို့နယ် အတော်များများမှာ ရေလွှမ်းမိုးမှု ခံခဲ့ရကြောင်း၊ မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်တို့သည်လည်း အလားတူ သဘာဝဘေးအန္တရာယ်ကို ခံစားခဲ့ရသကဲ့သို့ ၎င်းမြို့နယ် နှစ်မြို့နယ်ကို ကားလမ်းရော၊ ရထားလမ်း

အောင်အောင်မြင်မြင်ဖွင့်လှစ်

အဆိုပါ ကြုံတွေ့ခံစားခဲ့ရသည့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများ၊ လူမှုရေးဒုက္ခများကို နိုင်ငံတော်အစိုးရအနေဖြင့်ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စသည်ဖြင့် အဘက်ဘက်က ဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ယနေ့တွင် သဘာဝဘေးအန္တရာယ်က ဖျက်ဆီး၍ ပျက်စီးခဲ့ရသည့် မြန်အောင်မြို့နယ်နှင့် ကြံခင်းမြို့နယ်တို့အကြား လမ်းပန်းဆက်သွယ်ရေးအရ အရေးပါသော ဖားတစ်ရှဉ်းတံတားသစ်ကြီးကို **ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဝန်ထမ်းများက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လမ်းပန်းဆက်သွယ်မှုအခက်အခဲများ ခံစားနေရသော ဒေသခံမိဘပြည်သူများ၏ ဒုက္ခများကို မိမိတို့ညီအစ်ကို မောင်နှမများ ခံစားနေရသကဲ့သို့ သဘောထားကာ အချိန်တိုတိုနှင့် အမြန်ဆုံး ဆက်သွယ် သွားလာနိုင်ရေး စသည့် ရည်မှန်းချက် စေတနာကောင်း များ ကို အ ရင်း တည် ကာ နေ့ညမအား တည် ဆောက် ပေး ခဲ့ ကြ သည့်အတွက် ယနေ့ အောင် အောင် မြင် မြင်ဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။**

ဧရာဝတီတိုင်း သည် မြစ်၊ ချောင်း များ အလွန်ပေါများသည့် ဒေသဖြစ်သည့်အတွက် ယခင်က ရေလမ်းခရီးကို သာ အဓိကထား သွား လာ ခဲ့ ကြ ရ ကြောင်း၊ ရေလမ်း

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရမှာ ဖြစ်ကြောင်း၊ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင် အထင်ကရ ကားလမ်းအဖြစ် ပုသိမ်–မုံရွာ ကားလမ်းကို ဖောက်လုပ်ပေးခဲ့ကြောင်း၊ ရထားလမ်းအနေဖြင့် ပုသိမ်မှ ကြံခင်းအထိ ရှိခဲ့ရာက ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ကြံခင်း–ပခုက္ကူကို ရထားလမ်း ဆက်လက်ဖောက်လုပ်ရေး ဆောင်ရွက်လျက်ရှိရာ ပြီးစီးပါက ပုသိမ်မှ ကလေးအထိ ရထားဖြင့် တစ်ဆက်တည်းသွားလာနိုင်အောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရသည့်အတွက် ဤဒေသ၏ လမ်းပန်းဆက်သွယ်မှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှုတို့ အပေါ် နိုင်ငံတော်အစိုးရ၏ ထားရှိသည့် စေတနာကို ဒေသခံ မိဘပြည်သူများ မျက်ဝါးထင်ထင် တွေ့ရှိရမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ စေတနာထားဆောင်ရွက်မှုများအပေါ် ဧရာဝတီတိုင်း

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဗိုလ်မှူးချုပ်သိန်းအောင်တို့နှင့် ဒုတိယဝန်ကြီးများသည် ဖားတစ်ရှဉ်းတံတားပေါ်မှ ဖြတ်သန်းခုတ်မောင်းသွားရန် အသင့်စောင့်ဆိုင်းနေသော မင်္ဂလာရထားကို အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ဖားတစ်ရှဉ်းတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ဖားတစ်ရှဉ်းတံတားပေါ်သို့ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဖွဲ့ဝင်များ၊ တာဝန်

အမှာစကား ပြောကြား

ပြည်ထောင်စု ကြံ့ ခိုင် ရေး နှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ် အမှုဆောင် သစ်တော ရေး ရာ ဝန် ကြီး ဌာ န ဝန်ကြီး ဗိုလ် မှူး ချုပ် သိန်းအောင် အမှာ စကားပြောကြား စဉ်။(သတင်းစဉ်)

အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများသည် ခရီးသည်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အခက်အခဲဖြစ်ခဲ့

ယနေ့ဖွင့်လှစ်သည့် ဖားတစ်ရှဉ်းတံတားသည် စုစုပေါင်း အရှည် ၄၆၉ ပေရှိပြီး မူလတံတားဟောင်းထက် ပေ ၁၄၀ ပိုမို ရှည်လျားကာ Bore Pile အုတ်မြစ်အပေါ်ပိုင်း သံကူကွန်ကရစ်တံတား ဖြစ်သည်။

ရထားလမ်းအပြင် ကားလမ်းပါ ပါရှိပြီး စုစုပေါင်း အကျယ် ၁၃ ပေ ပါရှိကာ တန် ၃၀ နှင့်အထက် ကားများပါ ဖြတ်သန်းမောင်းနှင်နိုင်သည်။

၂၀၀၆ ခုနှစ် ဧပြီ ၂၉ ရက်တွင် မာလာမုန်တိုင်း တိုက်ခတ်ပြီး ရေကြီးမှုကြောင့် ဖားတစ်ရှဉ်းတံတား ပြိုလဲခဲ့ရ၍ ဒေသခံပြည်သူများနှင့် ခရီးသွား ပြည်သူများသည် ဖားတစ်ရှဉ်းတံတားအထိ ဂိတ်အလိုက် ကြိုပို့ကားများဖြင့်တစ်ဆင့်စီးကာ ခြေကျင် တံတားကိုဖြတ်ကူးသွားလာနေကြရပြီး ကုန်စည်စီးဆင်းမှုပါ အခက်အခဲဖြစ်ခဲ့ကြရသည်။

ဖားတစ်ရှဉ်းတံတားသည် စုစုပေါင်း အရှည် ၄၆၉ ပေရှိပြီး Bore Pile အုတ်မြစ် အပေါ်ပိုင်း သံကူကွန်ကရစ် တံတား ဖြစ်။ ရထားလမ်းအပြင် ကားလမ်းပါ ပါရှိပြီး စုစု ပေါင်း အကျယ် ၁၃ ပေ ပါရှိကာ တန် ၃၀ နှင့်အထက် ကားများပါ ဖြတ်သန်း မောင်းနှင် နိုင်၊ တံတားသစ် ဖွင့်လှစ်နိုင်ခဲ့၍ မြန်အောင်မြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း ၅၈ အုပ်စု၊ ကျေးရွာပေါင်း ၅၁၇ ရွာနှင့် မြန်အောင် မြို့မတိုက်နယ်၊ ကနောင် တိုက်နယ်၊ တာခွတဲကြီးကုန် တိုက်နယ်၊ အင်ပင်တိုက်နယ် အပါအဝင် ဒေသခံ ပြည်သူများနှင့် ခရီးသွားပြည်သူများ သည် မြန်အောင်–ကြံခင်း၊ ပြည်–ရန်ကုန်–မန္တလေးသို့ အချိန်တိုအတွင်း လုံခြုံချောမွေ့ စိတ်ချမ်းမြေ့စွာသွားလာနိုင်ကြမည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှု၊ ဒေသဖွံ့ဖြိုးမှုအပေါ် နိုင်ငံတော်၏စေတနာကို မျက်ဝါးထင်ထင်တွေ့ရှိရ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်

အနေဖြင့်ပါ ဆက်သွယ်သွားလာနိုင်သည့် ဖားတစ်ရှဉ်း တံတားသည်လည်း ပြိုလဲခဲ့သည့်အတွက် ဒေသခံ မိဘပြည်သူများ ကားလမ်း၊ ရထားလမ်းဖြင့် ဆက်သွယ်သွားလာမှု ပြတ်တောက်ခဲ့ရပြီး သွားရေးလာမှု လွန်စွာခက်ခဲခဲ့သည်ကို ကိုယ်တိုင် ကြုံတွေ့ခံစားရသည့် ဒေသခံများ အသိဆုံးပင်ဖြစ်ကြောင်း။

ခရီးကို အသုံးပြုခြင်းသည် အချိန်ကြန့်ကြာခြင်း၊ မိုးများသောကာလများတွင် အန္တရာယ်များလွန်းခြင်း စသည်တို့ကြောင့် နိုင်ငံတော် အစိုးရက ဧရာဝတီတိုင်း နယ်မြေအတွင်း မြစ်ချောင်းများကို ဖြတ်ကျော်သည့် တံတားကြီးများ ဆောက်လုပ်ခြင်း၊ ကားလမ်းများ တိုးချဲ့ဖောက်လုပ်ပေးခြင်းတို့ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိ

အတွင်းရှိ ဒေသခံပြည်သူများကလည်း နားလည်သဘောပေါက်ပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဗဟိုအလုပ်အမှုဆောင်

ရှိသူများသည် ဒေသခံပြည်သူများနှင့်အတူ ဖားတစ်ရှဉ်းတံတားမုခ်ဦးရှေ့၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ဖားတစ်ရှဉ်းတံတားပေါ်သို့ မင်္ဂလာရထားနှင့်ကားများ အစဉ်လိုက်ဖြတ်သန်းမောင်းနှင်သွားကြရာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဗဟိုအလုပ်

စိတ်ချမ်းမြေ့ဝမ်းမြောက်

ယခု ဖားတစ်ရှဉ်း တံတားသစ်ဖွင့်လှစ်နိုင်ခဲ့၍ မြန်အောင်မြို့နယ်ရှိ ကျေးရွာအုပ်စုပေါင်း၅၈အုပ်စု၊ ကျေးရွာပေါင်း၅၁၇ ရွာနှင့် မြန်အောင်မြို့မတိုက်နယ်၊ ကနောင်တိုက်နယ်၊ တာခွတဲကြီးကုန် တိုက်နယ်၊ အင်ပင်တိုက်နယ် အပါအဝင် ဒေသခံ ပြည်သူများနှင့် ခရီးသွားပြည်သူများသည် မြန်အောင်–ကြံခင်း၊ ပြည်–ရန်ကုန်–မန္တလေးသို့ အချိန်တိုအတွင်း လုံခြုံချောမွေ့ စိတ်ချမ်းမြေ့စွာ ကူးသန်းသွားလာနိုင်ကြမည်ဖြစ်သည်။

ထို့ပြင် ယခင်တံတားဟောင်းမှာ ယာဉ်နှင့် ကုန် ၁၀ တန်သာ ခွင့်ပြုနိုင်၍ ၁၀တန်အထက် ယာဉ်များသည် ကုန်စည်များကို ကဲ့တင်နေခဲ့ရာမှ ယခု ဖားတစ်ရှဉ်း တံတားသစ်ကြီးသည် ယာဉ်နှင့် ကုန်တန် ၃၀ ခွင့်ပြုတင်ဆောင်နိုင်သောကြောင့် ကုန်စည်စီးဆင်းမှုကို ပိုမိုသွက်လက် မြန်ဆန်ကာ ဒေသခံ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဒေသခံ ပြည်သူများ စိတ်ချမ်းမြေ့ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဖားတစ်ရှဉ်း တံတား

ခရီးသွား ပြည်သူများ အချိန်တိုအတွင်း လုံခြုံချောမွေ့ စိတ်ချမ်းမြေ့စွာ သွားလာနိုင်မည့် အရှည် ၄၆၉ပေ၊ အကျယ်၁၃ ပေရှိ ဧရာဝတီတိုင်း မြန်အောင်မြို့နယ်ရှိ ဖားတစ်ရှဉ်း တံတားပေါ်မှ ရထား ဖြတ်သန်းခုတ်မောင်းလာစဉ်။

(သတင်းစဉ်)

26-3 (09) 1 3/26/07, 2:30 PM

ကမ္ဘာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုကို ပြည့်စွမ်းပေးလျက်ရှိသော ငွေဆောင်ကမ်းခြေ

ကွင်းဆင်းစေ့ငုရေးသားသူ – သန်းသန်းနုနှင့် တင်မာဝင်း
ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၅

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း တိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများမှာ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိသည်။ **ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားဖွယ်၊ နှစ်သက်စိတ်ကြည်နူးဖွယ် သဘာဝအလှနှင့်ပြည့်စုံနေသော နိုင်ငံအနက် မြန်မာနိုင်ငံလည်း ပါဝင်သည်။ မြန်မာနိုင်ငံ၏ ပင်ကိုသဘာဝအလှသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်လျက်ရှိသည်။**

ကမ္ဘာလှည့် ခရီးသည်များအတွက် စိတ်ဝင်စားဖွယ်ရာကောင်းသော ရှေးဟောင်း အနုပညာလက်ရာ၊ ဗိသုကာ လက်ရာများရှိသော ပုဂံမြေနှင့် သဘာဝက ဖြစ်တည်နေသော အင်းလေးကန်၊ ငပလီကမ်းခြေ၊ ငွေဆောင်ကမ်းခြေ၊ ငွေတောင်ကမ်းခြေနှင့် ချောင်းသာယာကမ်းခြေတို့သည် မြန်မာနိုင်ငံအတွင်း ဖြစ်တည်နေပါသည်။

ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စားဖွယ်၊ နှစ်သက်စိတ်ကြည်နူးဖွယ် သဘာဝအလှနှင့် ပြည့်စုံနေသော နိုင်ငံအနက် မြန်မာနိုင်ငံလည်းပါဝင်။

မြန်မာနိုင်ငံ၏ ပင်ကိုသဘာဝအလှသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်လျက်ရှိ။

ငွေဆောင်၏ ပင်လယ်ရေသည် ပြာ၍ ကြည်လင် နေမှုကို နှစ်သက်ကြ။

ငွေဆောင်ကမ်းခြေ

ယနေ့နိုင်ငံတော်က ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာမှာ ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင်စား၍ နှစ်သက်ကြသော၊ တစ်နှစ်ထက်တစ်နှစ် လာရောက်သူ ပိုမိုများပြားသော ဧရာဝတီတိုင်း ပုသိမ်မြို့နယ်ရှိ ငွေဆောင်ကမ်းခြေသို့ မြန်မာ့အလင်းသတင်းအဖွဲ့မှ မကြာမီကသွားရောက်လေ့လာခဲ့ကြသည်။ ငွေဆောင်ကမ်းခြေတွင် ဟိုတယ်ကြီး ၂၀ လုံးနှင့် ဟိုတယ်အငယ်စားများလည်း ရှိကြောင်း သိရသည်။

တည်းခိုဆောင် ဧည့်ခန်း ပရိဘောဂနှင့် အသုံးအဆောင်များ၏ ဆွဲဆောင်မှုမြင်ကွင်း။

အခန်းပေါင်း၆၄ခန်းပါရှိ

Myanmar Treasure ဟိုတယ်မှ မန်နေဂျာ ဦးအောင်သူရနှင့် မြန်မာ့အလင်း သတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့ရာ ၂၀၀၂ခုနှစ် အောက်တိုဘာလ ၁၅ ရက်မှစ၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး တည်းခိုရန် နှစ်ထပ်ဆောင် ၂၄ ခန်းရှိပြီး အခြားအဆောက်အအုံများကို ဘန်ဂလိုပုံစံ ဆောက်လုပ်ထားခြင်းဖြစ်ပြီး အခန်းပေါင်း ၆၄ ခန်းရှိကြောင်း သိရသည်။

ပင်လယ်ရေ

မြို့နှင့်ကင်းဝေးပြီး တိတ်ဆိတ်ငြိမ်သက်မှုကို ခရီးသွားများ လိုလားကြိုက်နှစ်သက်ကြောင်း၊ မြို့ပြဆန်လျှင် မကြိုက်ကြောင်း၊ **ငွေဆောင်၏ ပင်လယ်ရေသည် ပြာ၍ ကြည်လင်နေမှုကို နှစ်သက်ကြကြောင်း၊** သဘာဝအတိုင်းကို နှစ်သက်ကြကြောင်း သိရသည်။ ဟိုတယ်အဆောက်အအုံများကို မြန်မာပြည်တွင်းဖြစ် သစ်တောထွက်ပစ္စည်းများနှင့် လုပခဲ့ထည်စွာ တည်ဆောက်ထားသည်။

တည်ဆောက်ထား

Silver View ဟိုတယ်မှ မန်နေဂျာ ဦးဇော်ဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ၂၀၀၂ ခုနှစ် အောက်တိုဘာလမှစ၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပြည်ပခရီးသွားဦးရေသည် ပြည်တွင်း ခရီးသွားဦးရေထက် များပြားကြောင်း ရှင်းပြသည်။ ဟိုတယ်တွင် အခန်းအမျိုးအစား လေးမျိုး ခွဲထားပြီး ပင်လယ်ကို မျက်နှာမူ၍ တည်ဆောက်ထားသော အခန်း၊ ဘေးဘက်ကို မျက်နှာမူ၍ တည်ဆောက်ထားသော အခန်း၊ လမ်းဘက်သို့ မျက်နှာမူ၍ တည်ဆောက်ထားသော အခန်းနှင့် စီးပွားရေးအတွက် အသုံးပြုရန် တည်ဆောက်ထားသော အခန်းတို့ ပါဝင်သည်။ ပင်လယ်ပြင်ကို မျက်နှာမူ၍ တည်ဆောက်ထားသော အခန်းမှာ ပင်လယ်ပြင်၏ သဘာဝအလှရှုခင်းကို တိုက်ရိုက် ထိတွေ့ ခံစားနိုင်သည်။

အပန်းဖြေ စားသောက်ရာ နေရာမှာလည်း စိတ်အေးချမ်းဖွယ်...။

တိုးချဲ့ရန်အစီအစဉ်ရှိ

ဟိုတယ်ဇုန် စီမံကိန်းအရ ဟိုတယ်ကြီးကို ဆက်ပြီးတိုးချဲ့ရန် အစီအစဉ်များရှိကြောင်း၊ ငွေဆောင်ကမ်းခြေသည် ဧရိယာ ကိုးမိုင်ခွဲခန့် ရှည်၍ ပြည်ပဧည့်သည်များ ကမ်းခြေရှည်သည်ကို နှစ်သက်ကြကြောင်း၊ ရက်ရှည်နေသော ပြည်ပဧည့်သည်များရှိပြီး အနည်းဆုံး ခုနစ်ရက်ခန့် တည်းခိုပြီးမှ ပြန်ကြကြောင်း သိရသည်။

ဤဒေသသည် လမ်းပန်းဆက်သွယ်ရေးမှာ လွယ်ကူကောင်းမွန်၍ နိုင်ငံခြားသားများနှစ်သက်ကြကြောင်း၊ ပုသိမ်လေဆိပ်မှနေပြီး ဟိုတယ်သို့ ပို့ဆောင်ပေးပါကြောင်း၊ ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှု အပြည့်အဝပေးကြောင်း ကြားသိခဲ့ရသည်။

ဟိုတယ်ဇုန်(၂)သည် ဘူးကွဲရွာတွင် တည်ရှိပြီး ဟိုတယ်အဆောက်အအုံများနှင့် လေဆိပ်တည်ဆောက်ရန် နိုင်ငံတော်ကစီမံကိန်းများချမှတ်ထားရာ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာဖြင့် ခရီးသွားဧည့်သည်များ တိုးတက်များပြား လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဂျာမန်ခရီးသည်အများဆုံး

ဟိုတယ်သို့အများဆုံးလာရောက်သူများသည် ဂျာမန်များ ဖြစ်ပြီး ဒုတိယ အများဆုံးသည် အီတလီများ ဖြစ်ပါသည်။ မိုးတွင်းကာလတွင် စပိန်နိုင်ငံသားတို့အလာများပြီး ဤကာလသည် စပိန်တို့၏ခရီးသွားရာသီ ဖြစ်ကြောင်းကို မန်နေဂျာ ဦးဇော်ဝင်းက ရှင်းပြသည်။

အပန်းဖြေသူများအတွက် ဤသို့ အခန်းများက သန့်ရှင်း သပ်ရပ်လှသည်။

၂၀ မိုင်ရှိ ဆင်စခန်းများကို သွားလိုပါက ဟိုတယ်မှ တိုက်ရိုက်ပေးပို့ပြီး၊ တိုက်ရိုက် မပို့နိုင်သော ဟိုတယ်များအနေနှင့် ပို့ပေးနိုင်သူနှင့် ဆက်သွယ်ဆောင်ရွက်၍ လိုအပ်ချက်များကို ခရီးသည်အား ဖြည့်စွမ်းပေးကြောင်း ဟိုတယ် တာဝန်ရှိဝန်ထမ်းများက ရှင်းလင်းပြောကြားသည်။

မေလမှစပြီး မိုးတွင်းကာလတွင် ဟိုတယ်များကို ပြန်ပြီး ပြုပြင်မွမ်းမံလေ့ရှိကြောင်း သိရသည်။ ဟိုတယ်များသည် ဆည်ရေကို အားထားပြီး ရေချိုကို အသုံးပြုနေရသည်။

ငွေဆောင်ကမ်းခြေ၏ ရှုခင်းအလှကလည်း ခရီးသွားဧည့်သည်များကို ဆွဲဆောင်နိုင်သည်။

မြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသွား လုပ်ငန်းသည် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေများ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ မိမိနိုင်ငံသို့ ရောက်ရှိလာသော ဧည့်သည်များကို နိုင်ငံအပေါ် အထင်ကြီးရန်၊ လေးစားမှုရှိရန်၊ မြန်မာတို့၏ ပျူငှာသောစိတ်ထားများ၊ ဧည့်ဝတ်ကျေသူများဖြစ်အောင် ဝန်ဆောင်မှု အပြည့် အဝပေး၍ ဆောင်ရွက်ကြောင်းကို Myanmar Treasure နှင့် Silver View ဟိုတယ်မှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

တိုးမြှင့်ဆောင်ရွက်

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ကမ္ဘာ့နိုင်ငံများသည် တိုးမြှင့် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေနှင့် ကမ္ဘာ့နိုင်ငံများနည်းတူ ခရီးသွားလုပ်ငန်း တိုးတက်လာစေရန် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသား လုပ်ငန်းရှင်တို့က လက်တွဲပါဝင် ဆောင်ရွက်လျက်ရှိနေပါကြောင်းကို ငွေဆောင်ကမ်းခြေလေ့လာရေးခရီးမှ သိရှိရခဲ့သမျှ ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ရွှေသောင်ယံ ခြောက်ကောင်ကျေးရွာ၌ မူလတန်းကျောင်းဖွင့် ကျောင်းသုံးပရိဘောဂနှင့် ကျောင်းဝတ်စုံများပေးအပ်

ရန်ကုန် မတ် ၂၅

Max Myanmar ကုမ္ပဏီမှ လှူဒါန်းသော ဧရာဝတီတိုင်း ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ ခြောက်ကောင်ကျေးရွာ မူလတန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို မတ် ၁၇ ရက် မွန်းလွဲ ၁နာရီခွဲက အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ကျောင်းဆောင်သစ် ဆောက်လုပ်မှု အခြေအနေကို ရှင်းလင်းပြောကြားပြီး အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူနှင့် Max Myanmar ကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်၍ နံ့သာရည်များပက်ဖျန်းပြီး ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ချောင်းသာကျေးရွာ Hotel Max Chaung Tha Beach ညှိခန်းမ၌ ကျင်းပရာ တိုင်းမှူးက အမှာစကားပြောကြားပြီး Max Myanmar ကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ ကျောင်းဆောင်သစ် စာရွက်စာတမ်းများကို ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူအား လည်းကောင်း၊ ဂုဏ်ပြုလက်ဆောင်ကို တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထိုက်ဦးအား လည်းကောင်း ပေးအပ်ပြီး အမှုဆောင်အရာရှိ ဦးသန်းဇော်က ကျောင်းသုံးပရိဘောဂနှင့် ကျောင်းဝတ်စုံများကို ကျောင်းအုပ်ဆရာမကြီးအား ပေးအပ်ခဲ့သည်။

ငွေကျပ် သိန်း ၂၆၀

၎င်းနောက် Max Myanmar ကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် ဇနီး ဒေါ်ငွေငွေခိုင်တို့က ရွှေသောင်ယံမြို့ ဆိပ်ကြီးကျေးရွာ မူလတန်းကျောင်း ထပ်မံဆောက်လုပ်ရန်အတွက် ကြိုတင်အလှူငွေ ကျပ်သိန်း ၂၀၀ ကို တိုင်းပညာရေးမှူးအား ပေးအပ်ကာ Max Myanmar ကုမ္ပဏီသည် ခြောက်ကောင် ကျေးရွာမူလတန်းကျောင်းနှင့် ကျောင်းသုံးပရိဘောဂ၊ ကျောင်းသူကျောင်းသား ဝတ်စုံအတွက် စုစုပေါင်း လှူဒါန်းမှုမှာငွေကျပ်သိန်း၂၆၀ဖြစ်သည်။

၎င်းနောက် တိုင်းမှူး၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် အဖွဲ့ဝင်များသည် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ချောင်းသာကျေးရွာ အမှတ်(၁) ဆည်ရေကန်၏ စက်ရုံဖွင့်ပွဲသို့ တက်ရောက် အားပေးပြီး တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် ကျေးရွာရှိ သောက်ရေကန် အမှတ် (၁)(၂)နှင့် (၄)တို့၏ ရေခလုတ်အား ဖွင့်လှစ်ပေးကာ**(အပေါ်ယာပုံ)**ဒေသခံများ ရေအိုး၊ ရေပုံးများဖြင့် ခပ်ယူနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ရေပေးဝေရေးလုပ်ငန်းကို ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် သိန်း ၁၆၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၅၀ စုစုပေါင်း ငွေကျပ်သိန်း ၂၁၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုသောအားဖြင့် ချောင်းသာကျေးရွာ ဗိုလ်ချုပ်လမ်း၊ ကြံ့ခိုင်ရေးလမ်း၊ ကျောင်းလမ်း၊ ကတ္တရာလမ်းဖွင့်ပွဲသို့ တက်ရောက် အားပေးပြီး လမ်းကို ဖြတ်သန်းကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ ဗိုလ်ချုပ်လမ်းသည် အရှည် ပေ ၁၁၀၀၊ အကျယ် ၂၅ ပေ၊ ကြံ့ခိုင်ရေးလမ်းသည် အရှည်ပေ ၁၅၂၀၊ အကျယ် ၁၆ ပေ၊ ကျောင်းလမ်းသည် အရှည်ပေ ၉၅၀၊ အကျယ် ၁၄ ပေ နှင့် ဖြတ်လမ်းတိုနှစ်ခု၊ ထိပ်ဆက်လမ်းတစ်ခု၊ ဆေးရုံပတ်လမ်းတစ်ခု စုစုပေါင်း ပေ ၅၁၁၀ အပါအဝင် မြောင်းကူးတံတား ခြောက်စင်းအား စုစုပေါင်း ငွေကျပ် ၃၆၅၄၁၃၅၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကြီးမှူး စည်းရုံးရေးအခြေခံသင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အင်းစိန်မြို့နယ်က ကြီးမှူးကျင်းပသော စည်းရုံးရေးအခြေခံ သင်တန်းအမှတ်စဉ်(၂၈) ဖွင့်ပွဲအခမ်းအနားကို မတ်၂၄ရက် နံနက် ၉နာရီက မြို့နယ်အသင်းခန်းမ၌ ကျင်းပရာ တိုင်းအသင်း တွဲဖက်အတွင်းရေးမှူး တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

လက်ခံ

ရှေးဦးစွာသင်တန်းသို့ အလှူငွေများ ပေးအပ်ရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မောင်လတ်က ငွေကျပ်၁၀၀၀၀၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတိုးအောင်က ငွေကျပ် ၁၀၀၀၀၊ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ငွေကျပ် ၁၀၀၀၀၊ ညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး) ဗိုလ်မှူးကြီးတင်မြင့်က ငွေကျပ် ၁၀၀၀၀၊ ရန်ကုန်မြောက်ပိုင်းခရိုင်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အုပ်ချုပ်ရေးမှူးဒုတိယဗိုလ်မှူးကြီး တင်ဝင်းက ငွေကျပ်၁၀၀၀၀၊ အင်းစိန်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ အင်းစိန်မြို့နယ်ရဲတပ်ဖွဲ့တို့က ငွေကျပ်၁၀၀၀၀စီ၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ငွေကျပ်၁၀၀၀၀၊ မြို့နယ် စည်ပင် သာယာအုပ်ချုပ်ရေးမှူးက ငွေကျပ် ၁၀၀၀၀ နှင့် ရွာမအလယ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက ငွေကျပ် ၁၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ အသင်းအဆင့်ဆင့် တာဝန်ရှိသူများက လက်ခံကြသည်။ **(က–ပ)**

ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရေကျော် ၉ရပ်ကွက် မဉ္ဇူလမ်းနေမိခင်ကြီး ဒေါ်တင်ညွှန့် အသက်(၁၀၀)ပြည့် မွေးနေ့အထိမ်းအမှတ် ဗိုလ်မှူးကြီးအောင်ဝင်း–ဒေါက်တာ ဒေါ်စန်းစန်းမိသားစုတို့ကဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် အဆောက်အအုံတို့ အတွက် ငွေကျပ်သုံးသိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မိုးကောင်းစည်ပင်ဈေးများ မီးဘေးကြိုတင်ကာကွယ်

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့နယ်အရန်မီးသတ်တပ်ရင်းနှင့် ပူးပေါင်း၍ အဖွဲ့ပိုင်ဈေးများ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိရာ အဖွဲ့ဦးစီးအရာရှိ ဦးဌေးလွင်စိုး ဦးဆောင်သော ဝန်ထမ်းများနှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၁၂ ရက်က မိုးကောင်းမြို့ စည်ပင်သာယာဈေးအတွင်း မီးဖိုနှင့် လျှပ်စစ်အသုံးပြုသောဈေးဆိုင်များ၊ စားသောက်ဆိုင်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဈေးရောင်းချသူများအား မီးဘေးအန္တရာယ် အစဉ်သတိပြုရန် ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

ယဉ်ကျေးမှုနှင့် စာရိတ္တသင်တန်းဖွင့်

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ် ယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်းဖွင့်ပွဲကို မတ် ၁၁ ရက် ညနေ ၃ နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်လှမြင့်က အမှာစကားပြောကြားပြီး သင်တန်းသို့ သင်တန်းသူ၊ သင်တန်းသား ၂၅၀ တက်ရောက်ကြသည်။ သင်တန်းကာလမှာ တစ်လကြာမြင့်မည် ဖြစ်သည်။

မြန်မာ့အလင်း ပြည်တွင်း သတင်းအတိုအထွာ

သန်လျင်တောရ ဝိပဿနာ တရားစခန်း

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် တောင်ဝိုင်းလမ်း သန်လျင်တောရ ကမ္မဋ္ဌာန်းကျောင်း တိုက်ကြီးတွင် ဝိပဿနာ ၁၀ရက် တရားစခန်းကို ဧပြီ ၈ရက်မှ ၁၇ ရက်အထိကျင်းပမည်ဖြစ်ရာ သန်လျင်တောရ ဓမ္မဝါဒီဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဓမ္မကထိကဆရာတော် အရှင်သူမြတ်တို့က ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ တရားလာရောက် အားထုတ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

ရှမ်းပြည်နယ် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ

ရှမ်းပြည်နယ် ကွန်ပျူတာပညာရှင် အသင်းနှင့် ရှမ်းပြည်နယ် ကွန်ပျူတာ လုပ်ငန်းရှင်အသင်းတို့ ဦးစီးကျင်းပသော ပထမအကြိမ် ရှမ်းပြည်နယ် သတင်း အချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာပြပွဲ (တောင်ကြီး)ကို မတ် ၃၀ရက်မှ ဧပြီ ၁ရက် အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ စိတ်ဝင်စားသူမည်သူမဆို လာရောက် ကြည့်ရှုလေ့လာနိုင်ပါကြောင်းနှင့် မြန်မာနိုင်ငံရှိ ICT ကုမ္ပဏီကြီးများမှ လာရောက် ပြသမည်ဟု သိရသည်။

ကောလင်းတွင် လမ်းတံတားတည်ဆောက်ရေးစည်းဝေး

စစ်ကိုင်းတိုင်း ကောလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် လမ်းတံတားများ တည်ဆောက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၂၆ရက်က မြို့နယ်အစည်းအဝေး ခန်းမတွင် ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးစိုးနိုင်က ရပ်ကွက်၊ ကျေးရွာ အုပ်စုများ၊ ကျေးရွာချင်းဆက် လမ်းတံတားများ တည်ဆောက်ရေး၊ မြို့ပြနှင့်ကျေးလက်ကွာဟချက်နည်းနိုင်သမျှနည်းရေးနှင့် ပြုပြင်ထိန်းသိမ်းသွားရေးတို့ကို ဆွေးနွေးသွားသည်။

လယ်ဝေးတွင် ရာစုမှူးများတာဝန်ပေး

ပျဉ်းမနားခရိုင် လယ်ဝေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရာစုမှူးများ တာဝန်ပေးအပ်ပွဲနှင့် အသင်းဝင်များတွေ့ဆုံပွဲကို မတ် ၇ ရက် မွန်းလွဲ ၁ နာရီက သစ်ကြိမ်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ကျင်းပရာ ခရိုင်အသင်းအတွင်းရေးမှူး ဦးခင်မောင်ဌေးက အမှာစကား ပြောကြားပြီး ခရိုင်အလုပ်အမှုဆောင် ဦးဇော်အောင်က ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းကိစ္စရပ်များ၊ ခရိုင်အလုပ်အမှုဆောင် ဦးရဲဝင်းအောင်က ကျေးလက်လူငယ်ရေးရာ ဆောင်ရွက်ရေးကိစ္စရပ်များ၊ မြို့နယ်အသင်း အတွင်းရေးမှူးဦးဌေးဝင်းက စည်းရုံးရေးရာကိစ္စရပ်များနှင့် မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူးဦးသိန်းတိုးက နွေဦးအားမာန် နွေရာသီသင်တန်းများဖွင့်လှစ်ရေး အစီအစဉ်များကို ရှင်းလင်းပြောကြားကြပြီး နယ်မြေတာဝန်ခံမြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင်ဦးက ရာစုမှူးများသို့ တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့သည်။

ကြက်ငှက်တုပ်ကွေး ရောဂါထိန်းချုပ်ရေး ပညာပေး

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ပညာပေးညှိနှိုင်းအစည်းအဝေးကို မတ် ၇ရက် နံနက် ၁၀နာရီက မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဒေါ်စောလှနှင့် ဒုတိယဦးစီးမှူးများက ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တိရစ္ဆာန်ကျန်းမာရေး အစဉ်သတိပြု စောင့်ရှောက်ရေး အစီအမံများနှင့် ဇီဝလုံခြုံမှုရှိရေး ဆောင်ရွက်ရန်များ၊ ရောဂါဖြစ်ပွားပါက အချိန်မီသတင်းပို့ရေးနှင့် သတင်းမထိန်ချန်ရေးစသည့် ကြက်ငှက်တုပ်ကွေးရောဂါနှင့် စပ်လျဉ်းသည်များကို ရှင်းလင်း ပညာပေးဆွေးနွေးခဲ့ကြသည်။

မင်းပြား–စမ္ဘလေကျေးလက် ကျောက်ချောလမ်းအပိုင်း(၁)ဖွင့်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မင်းပြား–စမ္ဘလေကျေးလက် ကျောက်ချောလမ်းအပိုင်း(၁)ဖွင့်ပွဲကို ဖေဖော်ဝါရီ၃ရက်က ကျင်းပရာ နယ်မြေခံတပ်ရင်း ခေတ္တတပ်ရင်းမှူး ဗိုလ်မှူးရန်နိုင်စိုးနှင့် အမှုဆောင်အရာရှိ ဦးဘုန်းမောင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အသေးစားမတည် ရင်းနှီးငွေပေးအပ်

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က စီစဉ်ကျင်းပသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အသေးစား မတည်ရင်းနှီးငွေပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၀ရက် နံနက် ၁၀နာရီက ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက်ရှိ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးတွင် ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမေက အသေးစားချေးငွေ (ယာယီချေးငွေ) လုပ်ငန်းအတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ အသေးစားမတည်ရင်းနှီးငွေ ပေးအပ်မှုအကြောင်း ရှင်းလင်းပြီး အသေးစားမတည်ရင်းနှီးငွေ ထုတ်ပေးရန်လိုအပ်သည့် လုပ်ငန်းငါးမျိုးအတွက် မတည်ရင်းနှီးငွေ ကျပ်ငါးသိန်းပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းတို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၀) ရပ်ကွက် ဗိုလ်လရောင်လမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်လှစ်

ရန်ကုန် မတ် ၂၅

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၀)ရပ်ကွက် ဗိုလ်လရောင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၆ နာရီခွဲတွင် အဆိုပါလမ်းသစ်အဝင် မုခ်ဦးရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိန်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လမ်းသစ်မော်ကွန်းကမ္ပည်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး လမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်များကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ဖြတ်သန်းကြည့်ရှု

ယင်းနောက် တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ကတ္တရာလမ်းသစ်တစ်လျှောက် ဖြတ်သန်းကြည့်ရှုကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မျက်စိအထူးကုဆရာဝန်ကြီးများ ရေနံချောင်း၌ အခမဲ့ကွင်းဆင်းကုသ

ရန်ကုန် မတ် ၂၅

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ရန်ကုန်မြို့မှ မျက်စိအထူးကု ဆရာဝန်ကြီးများဖြစ်ကြသော ပါမောက္ခ ဒေါက်တာတင်ဝင်းနှင့် ပါမောက္ခ ဒေါက်တာကံညွန့်တို့ ဦးဆောင်သည့် မျက်စိအထူးကုအဖွဲ့သည် မတ် ၁၉ ရက်မှ ၂၂ ရက်အထိ ရေနံချောင်းမြို့တွင် အခမဲ့ ကွင်းဆင်းခွဲစိတ်ကုသခဲ့ကြသည်။

ပါဝင်

အဆိုပါအဖွဲ့တွင် ဒေါက်တာဦးမိုးကျော်၊ ဒေါက်တာနီလာသိန်း၊ ဒေါက်တာစောသွင်မွန်သိန်း၊ ဒေါက်တာရီလင်း၊ ဒေါက်တာအောင်မိုးထွန်း၊ ဒေါက်တာသိန်းထွဋ်နှင့် သူနာပြုဆရာမများဖြစ်ကြသော နော်မရီးထားဦး၊ နော်လွဲကပေါ်၊ ဒေါ်ဝင်းပပ၊ ဒေါ်ယုဝါအောင်တို့ ပါဝင်ခဲ့ကြသည်။

အခမဲ့ခွဲစိတ်ကုသပေး

၎င်းမျက်စိအထူးကု အဖွဲ့သည် ရေနံချောင်းမြို့နယ်နှင့် အနီးပတ်ဝန်းကျင် မြို့ရွာများမှ မျက်စိဝေဒနာရှင် ၂၅၀၇ ဦးကို စမ်းသပ်ကြည့်ရှု ကုသပေးကြပြီး အတွင်းတိမ် လူနာ၂၈၈ဦးနှင့် အသေးစားခွဲစိတ်ကုသရန် လိုအပ်သည့်လူနာ ၂၈ဦး စုစုပေါင်း လူနာ ၃၁၆ဦးတို့အား အခမဲ့ ခွဲစိတ်ကုသပေးခဲ့သည်။

အဘက်ဘက်မှကူညီ

အဆိုပါအဖွဲ့ကို ရေနံချောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံ (ခေတ္တ-ဆေးရုံအုပ်) ဒေါ်မေဖြူထိုက်နှင့် ဆေးရုံဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရေနံချောင်းမြို့ မြို့မရတနာလူမှုရေးအသင်းနှင့် စေတနာရှင် မြို့မိမြို့ဖများက အဘက်ဘက်မှပံ့ပိုးကူညီပေးခဲ့ကြသည်။

ပံ့ပိုးကူညီ

အခမဲ့မျက်စိကုသရေးအဖွဲ့အတွက် လိုအပ်သော ဆေးဝါးများကို ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကနှင့် ဒါယကာ ဒါယိကာမများ၊ ရေနံချောင်းမြို့နယ်အသင်းနှင့် အလှူရှင်များဖြစ်ကြသော ရေနံချောင်းမြို့နယ် ရွှေနဂါးစက်မှုလက်မှုလုပ်ငန်း၊ ALCON, Ashford (စန်းလမင်း) Co.,Ltd. KTZ Co.,Ltd. United Pharma တို့က ပံ့ပိုးကူညီပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူနာများအား စမ်းသပ်ကုသပေး

ရန်ကုန်မြို့မှ မျက်စိအထူးကုဆရာဝန်ကြီးများ ရေနံချောင်းမြို့နယ်နှင့် ပတ်ဝန်းကျင် မြို့ရွာများမှ မျက်စိဝေဒနာရှင် လူနာများအား စမ်းသပ်ကုသပေးကြစဉ်။ (အပေါ်နှင့်ဝဲပုံ) (သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဂျပန်နိုင်ငံအလယ်ပိုင်း၌ အင်အားပြင်းငလျင်လှုပ် လူတစ်ဦးသေဆုံး ၁၅၀ ကျော် ဒဏ်ရာရရှိ

တိုကျို မတ် ၂၅

ဂျပန်နိုင်ငံအလယ်ပိုင်း ဟိုကူရိကူဒေသ ကမ်းရိုးတန်းအနီး ပင်လယ်ပြင်တွင် မတ် ၂၅ ရက် နံနက်က ရစ်ချ်တာစကေး ၇ ဒသမ ၁ ရှိ အင်အားပြင်းမြေငလျင်တစ်ခုလှုပ်သွားရာ အနည်းဆုံး လူတစ်ဦးသေဆုံးပြီး ၁၅၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ဂျပန်နိုင်ငံ အင်န်အိတ်ချ်ကေသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဗဟိုပြု

အဆိုပါမြေငလျင်သည် ဂျပန်နိုင်ငံ ဝါဂျီမာမြို့အနောက်တောင်ပိုင်း အနောက်ဘက် ကီလိုမီတာ ၄၀ ခန့်အကွာ နိုတိုကျွန်း ကမ်းလွန်ပင်လယ်ပြင်အောက် ကီလိုမီတာ ၅၀ ခန့်အနက်ကိုဗဟိုပြု၍ လှုပ်ခဲ့ခြင်းဖြစ်ကြောင်း ဂျပန် မိုးလေဝသဌာနမှပြောကြားသည်။

ပြိုကျပျက်စီး

ထိုသို့ အင်အားပြင်းငလျင်လှုပ်ခဲ့မှုကြောင့် အဆိုပါဒေသတွင် ဆူနာမီသတိပေးချက်ထုတ်ပြန်ထားသည်။ ထို့အတူ အီရှိကာဝါနှင့် တိုယာမာစီရင်စုများသို့ ပြေးဆွဲပေးနေသော မီးရထားခရီးစဉ်များ ရပ်ဆိုင်းထားသည်။ အဆောက်အအုံအများစုလည်း ပြိုကျပျက်စီးခဲ့သည်ဟု ဆိုသည်။

ပုံမှန်လည်ပတ်

သို့သော် နီဂါတာနှင့် ဖူကိုင်စီရင်စုများတွင်ရှိသော နျူကလီးယားဓာတ်အားပေးစက်ရုံများကိုမူ ပုံမှန်လည်ပတ်ထားကြောင်း တိုကျို လျှပ်စစ်ဓာတ်အားကုမ္ပဏီနှင့် ကင်ဆိုင်းလျှပ်စစ်ဓာတ်အားကုမ္ပဏီတို့က ပြောကြားသည်ဟု ကျိုဒိုသတင်းဌာနမှ သတင်းထုတ်ပြန်သည်။ **(ကိုးကား-အင်တာနက်)**

အီရှိကာဝါစီရင်စု၌ ငလျင်လှုပ်မှုကြောင့် ပြိုကျသွားသော အဆောက်အအုံတစ်ခု၏ အမိုးကိုတွေ့ရစဉ်။ (အင်တာနက်)

အင်တာနက် - ကျန်းမာရေး

အဝလွန်မှု အနေအထားကို သုံးဖက်မြင်ဓာတ်မှန်ဖြင့် ကြည့်ရှုကုသနိုင်

လန်ဒန် မတ် ၂၅

အဝလွန်သော လူများအတွက် ခန္ဓာကိုယ်အတွင်း အဝလွန်မှုအနေအထားကို အတိအကျသိရှိနိုင်သည့် သုံးဖက်မြင် ဓာတ်မှန်များကို အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ဗြိတိန် သိပ္ပံပညာရှင်များက ပြောကြားလိုက်သည်။

အကဲဖြတ်

လောလောဆယ် အနေအထားတွင် အဝလွန်မှုအပါအဝင် ခန္ဓာကိုယ်တွင်း အညွှန်းကိန်းများကို ဆရာဝန်များက တစ်ဖက်မြင်ဓာတ်မှန်များဖြင့်သာ ကြည့်ရှုအကဲဖြတ်ကောက်ချက်ချမှု ပြုလုပ်နေရသည်။

သုံးဖက်မြင်ဓာတ်မှန်များကို ဖန်သားမျက်နှာပြင်တွင် ကြည့်ရှုနိုင်ခြင်းဖြင့် အဝလွန်မှုဖြစ်ပေါ်နေသော လူများအတွက် အဝလွန်မှု လျှော့ချရာတွင်လည်းကောင်း၊ ခန္ဓာကိုယ်အတွင်း အခြားအစိတ်အပိုင်းများ၏ အနေအထားကိုလည်းကောင်း ဆရာဝန်များက အတိကျဆုံး တွက်ချက် ဆုံးဖြတ်နိုင်မည်ဖြစ်သည်။

ဆိုးကျိုး ကောက်ချက်

ထို့အပြင် ခန္ဓာကိုယ်တစ်ခုလုံးတွင်ရှိသော အစိတ်အပိုင်းများ တစ်ခုချင်းအပေါ် အဝလွန်မှု၏ ဆိုးကျိုးမည်မျှအထိ ထိခိုက်မှုရှိနေသည်ကိုလည်း ဆရာဝန်များက တိတိကျကျ ကောက်ချက်ချကာ ကုသပေးနိုင်မည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံ ဘာမင်ဂမ်မြို့ နှလုံးဆိုင်ရာဆေးရုံမှ သုတေသနပညာရှင်များက ပြောကြားသည်။ (ကိုးကား-အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

နယ်သာလန်နှင့် အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၂၅

ငယ်စဉ်ကတည်းက ကမ္ဘာကျော် ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းလို ဖြစ်ချင်နေသည့်သူမှာ နယ်သာလန်နှင့် အာဆင်နယ်တိုက်စစ်မှူး ဗန်ပါစီပင် ဖြစ်သည်။

၁၉၈၃ခုနှစ် ဩဂုတ် ၆ရက်၌ နယ်သာလန်နိုင်ငံ ရော့တာဒမ်မြို့တွင် မွေးဖွားခဲ့သော ရိဘင်ဗန်ပါစီသည် ယခုအခါ အသက် (၂၃)နှစ်အရွယ်ရှိနေပြီး နယ်သာလန်နှင့် အာဆင်နယ်အသင်းတို့အတွက် အဓိကတိုက်စစ်မှူး တစ်ဦးအဖြစ် ရပ်တည်နေသူဖြစ်သည်။

ဗန်ပါစီသည် အသက် (၁၈)နှစ်အရွယ်၌ပင် အသက်(၁၉)နှစ်အောက် နယ်သာလန် လူငယ်ဘောလုံးအသင်းနှင့် အသက်(၂၁)နှစ်အောက် နယ်သာလန် လူငယ်ဘောလုံးအသင်း၏ တိုက်စစ်မှူး တစ်ဦးဖြစ်လာခဲ့သူဖြစ်သည်။ ထို့အတူ နယ်သာလန်နိုင်ငံ ဖေယင်နူအသင်းတွင် ၂၀၀၁ခုနှစ်က စတင်ကာ သုံးနှစ်ခွဲစာချုပ် ချုပ်ဆိုပြီး ကစားခဲ့သော်လည်း ဗန်ပါစီ၏ ဘောလုံးစွမ်းရည် ထက်မြက်မှုကို အာဆင်နယ် ကင်းထောက်များက တွေ့ရှိ ခေါ်ယူခဲ့ရာ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီကုန်၌ အာဆင်နယ်သို့ ပြောင်းရွှေ့ခ ပေါင်သုံးသန်းဖြင့် ရောက်ရှိလာခဲ့သည်။

ပြောကြား

ဗန်ပါစီသည် ဘောလုံးထိန်းသိမ်းမှု ကောင်းခြင်း၊ စိတ်တည်ငြိမ်ခြင်းနှင့် အဆုံးသတ် ကောင်းမွန်ခြင်းတို့နှင့်ပြည့်စုံသော ဘောလုံးသမားတစ်ဦး ဖြစ်သည့်အပြင် တစ်ဖက်အသင်း ဂိုးရှေ့ဧရိယာအတွင်း ဝံ့ဝံ့စားစား ထိုးဖောက်ကစားတတ်သူတစ်ဦးလည်း ဖြစ်ကြောင်း အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ပြောကြားခဲ့သည်။

ဖေယင်နူအသင်းအတွက် သုံးရာသီတွင် ဂိုးပေါင်း ၁၅ ဂိုးသာ သွင်းယူပေးနိုင်ခဲ့သော်လည်း ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် အာဆင်နယ်အတွက် ပရီမီယာလိဂ် ၁၂ ပွဲကစား ငါးဂိုး၊ အက်ဖ်အေဖလား သုံးပွဲကစား သုံးဂိုး၊ ကားလင်းဖလား သုံးပွဲကစား တစ်ဂိုး၊ ချန်ပီယံလိဂ်အတွက် ခြောက်ပွဲကစား တစ်ဂိုးသွင်း ယူပေးနိုင်ခဲ့ရာ ထိုနှစ်က အာဆင်နယ် အတွက် ၁၈ပွဲကစား ၁၀ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ဂိုးသွင်းစွမ်းရည် ထက်မြက်လာသည့်အပြင် ကစားဖော်များဖြစ်သည့် ယွန်းဘတ်နှင့် အွန်နရီတို့ကိုလည်း ဂိုးများသွင်းယူနိုင်အောင် ဖန်တီးပေးနိုင်ခဲ့မှုတို့ကြောင့် အာဆင်နယ်တို့ နိုင်ပွဲများ ရရှိခဲ့လေသည်။

သွင်းယူ

ထို့အတူ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင်လည်း အာဆင်နယ် အတွက် ပရီမီယာလိဂ်၊ ချန်ပီယံလိဂ်၊ အက်ဖ်အေဖလားနှင့် ကားလင်းဖလား ဘောလုံးပြိုင်ပွဲများ ၂၁ ပွဲကစားပေးခဲ့ပြီး ၁၁ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ ဗန်ပါစီလည်း အာဆင်နယ်တွင် အွန်နရီနှင့်အပြိုင် အဓိကတိုက်စစ်မှူး ဖြစ်လာသလို ပယ်နယ်တီနှင့် ပြစ်ဒဏ်ဘောများကို ကန်ခွင့်ရသူတစ်ဦးလည်း ဖြစ်ခဲ့သည်။

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ နယ်သာလန်အသင်းတွင် နစ္စတယ်ရွိုင်းနှင့်အတူ တိုက်စစ်မှူးတာဝန်ယူကာ အိုင်ဗရီကို့စ်၊ အာဂျင်တီးနား၊ ပေါ်တူဂီနှင့် ဆားဘီးယားနှင့် မွန်တီနီဂရိုးအသင်းတို့နှင့်ပွဲများ၌ ပါဝင်ကစားပေးခဲ့သလို ဆားဘီးယားနှင့် မွန်တီနီဂရိုးတို့ပွဲတွင် ဗန်ပါစီ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထို့အတူ ၂၀၀၆-၂၀၀၇ ခုနှစ် ဘောလုံးရာသီတွင် အာဆင်နယ်အသင်းအတွက် ပရီမီယာလိဂ်ပွဲ ၁၇ ပွဲ ကစားပေးခဲ့ပြီး ၁၁ ဂိုးသွင်းယူပေးနိုင်ခဲ့သလို ချန်ပီယံလိဂ် ခုနစ်ပွဲကစားပေးပြီး နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

နယ်သာလန်နှင့် အာဆင်နယ် တိုက်စစ်မှူး ဗန်ပါစီ၏ ကစားဟန်။ (ဓာတ်ပုံ-အင်တာနက်)

ချီးကျူးစကား

ဗန်ပါစီအနေဖြင့် ယခုနှစ်၌ ပရီမီယာလိဂ် ပွဲစဉ်ဖြစ်သည့် အာဆင်နယ်နှင့် ချာလ်တန်တို့ပွဲတွင် တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သလို ဘလက်ဘန်းနှင့် ပရီမီယာလိဂ် ပွဲစဉ်တွင်လည်း တစ်ဦးတည်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထိုပွဲတွင် အာဆင်နယ်အသင်း ခြောက်ဂိုးအထိ သွင်းယူနိုင်ခဲ့ရာ ဗန်ပါစီ အထူးခြေစွမ်းပြ ကစားနိုင်ခဲ့သဖြင့် အာဆင်နယ်တိုက်စစ်မှူး အွန်နရီက ဗန်ပါစီသည် မကြာမီ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးတစ်ဦး ဖြစ်လာတော့မည်ဟု ချီးကျူးစကား ပြောကြားခဲ့သည်။

ဗန်ပါစီသည် အာဆင်နယ်အသင်း အဝေးကွင်း၌ မန်ယူနှင့် ပရီမီယာလိဂ်ပွဲကစားခဲ့ရာ၌ တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ပြီး ထိုပွဲ၌ အာဆင်နယ်က မန်ယူကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဗန်ပါစီလည်း ခြေထောက် ဒဏ်ရာရရှိခဲ့ပြီး ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိနေသည်။

နစ်နာ

ဗန်ပါစီ ဒဏ်ရာရရှိနေသဖြင့် အာဆင်နယ်အသင်းအတွက် ထိခိုက်နစ်နာမှုဖြစ်ရကြောင်း နည်းပြ အာစင်ဝင်းဂါးက ပြောကြားလျက်ရှိနေသည်။ ဗန်ပါစီသည် အာဆင်နယ်အတွက် တိုက်စစ်တွင် ထူးချွန်ပြောင်မြောက်စွာ ကစားနိုင်သလို ခံစစ်ကိုလည်း လိုက်ပါကူညီပေးနိုင်သည့် တိုက်စစ်မှူးတစ်ဦးလည်း ဖြစ်သည်။

ဗန်ပါစီ၏ ခြေစွမ်းမှာ တဖြည်းဖြည်းချင်း တိုးတက်လာနေရာ လာမည့် ဘောလုံးရာသီ၌ အာဆင်နယ်နှင့် နယ်သာလန်ဘောလုံးအသင်းတို့အတွက် အားထားရမည့် တိုက်စစ်သူရဲကောင်းတစ်ဦးအဖြစ် ထိုက်တန်စွာ ရောက်ရှိလာမည့်သူ ဖြစ်ပါကြောင်း။ ။

(ကိုးကား-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

✻ **မတ် ၂၄ရက်က ဝင်ဘလေကွင်းသစ်ကြီး စတင်ဖွင့်လှစ်သည့် ပွဲစဉ်အဖြစ် အင်္ဂလန်ယူ(၂၁)ဘောလုံးအသင်းနှင့် အီတလီယူ(၂၁)အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက်သုံးဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။**

✻ မန်ယူအသင်းသည် ချယ်လ်ဆီး၏ စတမ်းဖို့ဒ်ဘရစ်ကွင်းသို့ မေ ၉ ရက်တွင် သွားရောက်ကစားရမည့်ပွဲအတွက် စိုးရိမ်ဖွယ်ရာမရှိကြောင်း ပေါလ်စခိုးလ်က ထုတ်ဖော်ပြောကြားလိုက်သည်။

✻ **ရီးရဲမက်ဒရစ်တိုက်စစ်မှူး ရူဗင်နစ္စတယ်ရွိုင်းက လာမည့်ရာသီတွင် မန်ယူတောင်ပံသမား စီရိုနယ်ဒိုနှင့်အတူ ကစားသွားလိုကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။**

✻ ဘယ်လ်ဂျီယံမှ တင်းနစ်အကျော်အမော်များဖြစ်သည့် ကလစ္စတားနှင့် ဂျူစတင်ဟာနင်ဟာဒင်းတို့သည် မီယာမီ၌ ကျင်းပသော ဆိုနီအဲရစ်ဆင် တင်းနစ်ပြိုင်ပွဲ ပွဲအဖွင့်တွင် နှစ်ဦးစလုံး အနိုင်ရရှိခဲ့ကြသည်။

✻ **ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် ဧပြီ ၂၁ရက်နှင့် ၂၂ရက်တွင် မော်စကိုမြို့၌ ကျင်းပမည့် ဖက်ဒရေးရှင်းဖလားပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲမည်ဟု ဆိုသည်။**

✻ ကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် ဖလောရီဒါ၌ကျင်းပသော ဒဗလျူဂျီစီချန်ပီယံရှစ် ဂေါက်သီးပြိုင်ပွဲတွင် ဒုတိယနေ့ယှဉ်ပြိုင်အပြီး စုစုပေါင်း ခုနစ်ချက်လျှော့ရိုက်ကာ ပြိုင်ဘက်များကို ဦးဆောင်နေသည်။

✻ **ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် မတ် ၂၄ရက်က ကျင်းပလျက်ရှိသော ကမ္ဘာ့စက်ဘီးစီးပြိုင်ပွဲတွင် အမျိုးသားကီလိုမီတာ ၂၉၄ ခရီး စက်ဘီးစီးပြိုင်ပွဲ၌ စပိန်စက်ဘီးစီးသမား အော်စကာဖရေးရီးက ၆ နာရီ ၄၃မိနစ် ၅၉စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။**

✻ ကင်ညာနိုင်ငံတွင် ကျင်းပတော့မည့် အမျိုးသားအလွတ်တန်း နိုင်ငံတကာ ဖိတ်ခေါ်အပြေးပြိုင်ပွဲတွင် အိုလံပစ်မီတာ ၁၀၀၀၀ ကြေးတံဆိပ်ဆုရှင် ဇာဆီနေတာဒီစီ ဗိုလ်စွဲမည်ဟု ရေပန်းစားလျက်ရှိသည်။ လောလောဆယ်တွင် ၎င်းက ၁၂ ကီလိုမီတာကို ၃၅ မိနစ် ၄၉ စက္ကန့် ပြေးထားသည်။

✻ **၂၀၀၉ခုနှစ် ကမ္ဘာ့ရေကူးချန်ပီယံပြိုင်ပွဲကို အီတလီနိုင်ငံ ရောမမြို့၌ ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။** (အင်တာနက်)

ယူရို ၂၀၀၈ ခြေစစ်ပွဲ အစ္စရေးနှင့် အင်္ဂလန်ဂိုးမရှိ သရေပွဲဖြစ်

တဲလ်အဗစ် မတ် ၂၅

ယူရို၂၀၀၈ ခြေစစ်ပွဲများကို မတ်၂၄ရက်က ဆက်လက် ယှဉ်ပြိုင်ကစားရာ အစ္စရေးနှင့် အင်္ဂလန်ပွဲတွင် ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ပြီး စကော့တလန်နှင့် ဂျော်ဂျီယာပွဲတွင် စကော့တလန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ပွဲထုတ်

အင်္ဂလန်အသင်း ရှေ့တန်းတိုက်စစ်မှူးများအဖြစ် ရွန်နေနှင့် ဂျွန်ဆင်၊ အလယ်တန်းတွင် ဂျရတ်၊ လမ်းပတ်၊ ဟားဂရေ့ဗ်နှင့် လီနွန်၊ နောက်တန်းတွင် နဗီးလ်၊ ဖာဒီနန်၊ တယ်ရီနှင့် ကာရေဂါ၊ ဂိုးသမားအဖြစ် ရိဘင်ဆင်တို့ဖြင့် ပွဲထုတ်ခဲ့သည်။

အစ္စရေးနှင့် အင်္ဂလန်ပွဲတွင် အစ္စရေးဆယ်ကျော်သက်တိုက်စစ်မှူး တိုတိုတာမက်ဇ် (လယ်) **ထိုးဖောက်ကစားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

အင်္ဂလန်အသင်းသည် အစ္စရေးအသင်းအား ဘောလုံးအပေးအယူမှန်မှန်ဖြင့်ကစားနိုင်ခဲ့ပြီး ထိုးဖောက် တိုက်စစ်ဆင်ခဲ့သော်လည်း အစ္စရေးဂိုးသမား အောတေးက လက်စွမ်းပြကာကွယ်နိုင်ခဲ့သဖြင့် ဂိုးမရရှိဘဲ ဖြစ်ခဲ့ရသည်။ အစ္စရေးဂိုးသမား ဒူဒူအောတေးသည် ဖရန့်လမ်းပတ်၏ ကန်သွင်းချက်၊ ဂျာမိန်းကာရေဂါ၏ ခေါင်းတိုက်ဂိုးသွင်းချက်များကို ကာကွယ်နိုင်ခဲ့သည်။ ထို့အပြင် ဂျွန်ဆင်၏ အပိုင်ကန်သွင်းချက်များကလည်း ဂိုးမရရှိခဲ့သဖြင့် အင်္ဂလန်တို့ တစ်ဂိုးမျှမရရှိခဲ့ခြင်းဖြစ်သည်။

ကာကွယ်ခဲ့

ထို့အတူ အစ္စရေးဆယ်ကျော်သက် တိုက်စစ်မှူး တိုတိုတာမက်ဇ်၏ ထိုးဖောက်ကန်သွင်းမှုများကိုလည်း အင်္ဂလန်ဂိုးသမား ရော်ဘင်ဆင် ကာကွယ်ခဲ့ရသည်။ အင်္ဂလန်အသင်းသည် (င)အုပ်စုတွင် ခရိုအေးရှားနှင့် ရုရှားတို့နောက်တွင် (၈) မှတ်ဖြင့် တတိယနေရာမှ လိုက်နေသည်။

စကော့တလန်နှင့် ဂျော်ဂျီယာတို့ပွဲတွင် စကော့တလန်က နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ စကော့တလန်အတွက်ဂိုးများကို ပွဲချိန် ၁၁ မိနစ်တွင် ဘွိုက်က တစ်ဂိုး၊ ၈၈ မိနစ်တွင် ဘက်တေးက တစ်ဂိုး သွင်းယူပေးခဲ့သည်။ ဂျော်ဂျီယာအတွက် ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၃၉ မိနစ်၌ အာဗီလက်ဇီက သွင်းယူပေးခဲ့သည်။ **(အင်တာနက်)**

ကိုးကားတင်ပြသူ-မြင့်မောင်စိုး

ယူရို ၂၀၀၈ခြေစစ်ပွဲ ထိပ်ဆုံးရောက်အသင်းများ

လန်ဒန် မတ် ၂၅

ယူရို ၂၀၀၈ခြေစစ်ပွဲများကို မတ် ၂၄ရက်က ပြန်လည်ကစားပြီဖြစ်သည်။ အချို့သောအသင်းများသည် ငါးပွဲကစားပြီးချိန်တွင် အချို့မှာ လေးပွဲသာ ကစားရသေးသည်။ မတ် ၂၄ရက်နေ့က ယှဉ်ပြိုင်အပြီး အုပ်စုအလိုက် အမှတ်ပေးဇယား ထိပ်ဆုံးရောက်နှစ်သင်း အခြေအနေကို အောက်ပါဇယားဖြင့် ဖော်ပြလိုက်ပါသည်။ အုပ်စု ခုနစ်စုခွဲ၍ ယှဉ်ပြိုင်လျက်ရှိရာ အုပ်စု ပထမနှင့် ဒုတိယရသောအသင်းများသည် ဩစတြီးယားနှင့် ဆွစ်ဇာလန်၌ကျင်းပမည့် ယူရို ၂၀၀၈ နောက်ဆုံးအဆင့်ပြိုင်ပွဲများသို့ တက်ရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

အုပ်စု	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရဂိုး	ပေးဂိုး	ရမှတ်
က	ပိုလန်	၆	၄	၁	၁	၁၁	၅	၁၃
။	ဖင်လန်	၅	၃	၂	၀	၇	၂	၁၁
ခ	စကော့တလန်	၅	၄	၀	၁	၁၁	၄	၁၂
။	ပြင်သစ်	၅	၄	၀	၁	၁၂	၂	၁၂
ဂ	တူရကီ	၄	၄	၀	၀	၁၂	၁	၁၂
။	ဂရိ	၄	၃	၀	၁	၇	၄	၉
ဃ	ဂျာမနီ	၅	၄	၁	၀	၂၀	၃	၁၃
။	ချက်	၅	၃	၁	၁	၁၄	၄	၁၀
င	ခရိုအေးရှား	၅	၄	၁	၀	၁၅	၄	၁၃
။	ရုရှား	၅	၃	၂	၀	၇	၁	၁၁
စ	ဆွီဒင်	၄	၄	၀	၀	၈	၂	၁၂
။	မြောက်အိုင်ယာလန်	၅	၃	၁	၁	၈	၆	၁၀
ဆ	နယ်သာလန်	၅	၃	၂	၀	၇	၂	၁၁
။	ဘူလ်ဂေးရီးယား	၄	၂	၂	၀	၇	၃	၈

(အင်တာနက်)

ယူရိုခြေစစ်ပွဲ အနိုင်အရှုံး

အုပ်စု (က)

ကာဇက်စတန် ၂ - ၁ ဆားဘီးယား
ပိုလန် ၅ - ၀ အဇာဘိုင်ဂျန်
ပေါ်တူဂီ ၄ - ၀ ဘယ်လ်ဂျီယံ

အုပ်စု (ခ)

ဖာရိုကျွန်းစု ၀ - ၂ ယူကရိန်း
စကော့တလန် ၂ - ၁ ဂျော်ဂျီယာ
လစ်သူယေးနီးယား ၀ - ၁ ပြင်သစ်

အုပ်စု (ဂ)

မော်ဒိုဗာ ၁ - ၁ မော်လ်တာ
နော်ဝေ ၁ - ၂ ဘော့စနီးယား
ဂရိ ၁ - ၄ တူရကီ

အုပ်စု (ဃ)

အိုင်ယာလန် ၁ - ၀ ဝေလ
ဆိုက်ပရပ်စ် ၁ - ၃ ဆလိုဗားကီးယား
ချက် ၁ - ၂ ဂျာမနီ

အုပ်စု (င)

အက်စတိုနီးယား ၀ - ၂ ရုရှား
အစ္စရေး ၀ - ၀ အင်္ဂလန်
ခရိုအေးရှား ၂ - ၁ မက်ဆီဒိုးနီးယား

အုပ်စု (စ)

လက်ချင်စတိန့် ၁ -၄ မြောက်အိုင်ယာလန်
စပိန် ၂ - ၁ ဒိန်းမတ်

အုပ်စု (ဆ)

အယ်ဘေးနီးယား ၀ - ၀ ဆလိုဗေးနီးယား
လူဇင်ဘတ် ၁ - ၂ ဘီလာရုစ်
နယ်သာလန် ၀ - ၀ ရိုမေးနီးယား

(အင်တာနက်)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ စိမ်းလဲ့မေရိပ်သာလမ်း၊ အမှတ်(၁၈/ခ)နေ
(ဦးချိုဟောင်ကောင်-ဒေါ်အိနန်း)တို့၏သား၊
ဦးစိုင်းထွန်း(ခ)ကိုချိုင်း၏ညီ

မောင်အိုက်ဟင် (ခ) ကိုအဟင်း

Managing Director

(Yupa Dagon Trading Co., Ltd.)

နှင့်

(ဦးမောင်လွင်-ဒေါ်ခင်သန်း) ခင်မိသားစုမွေ့ယာချုပ်လုပ်ငန်းတို့၏မြေး၊
ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်ရပ်ကွက်၊ ဦးဝိဇ္ဇာလမ်း၊ အမှတ်(၇)နေ
(ဦးလှသန်း)-ဒေါ်ခင်သောင်းကြည်တို့၏သမီးထွေး

မနှင်းဇာမိုး B.Sc (Maths)

General Manager

(Yupa Dagon Trading Co., Ltd.)

တို့၏ ၂၀-၃-၂၀၀၇ရက် (အင်္ဂါနေ့)တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒေါ်တင်ကြူကြူဝင်း(ဦးစီးအရာရှိ၊ ရန်ကုန်တိုင်းတရားရုံး)၊ ၂၅-၃-၂၀၀၇ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာလက်စွပ်ချီးမြှင့်ဆင်မြန်းပေးပါသော ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးတင့်ဆန်းနှင့်ဇနီး ဒေါ်နန်းလှစီအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးချုပ်သန်းဟန်နှင့် ဇနီး ဒေါ်နန်းအုန်းတင်အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသော မြရတနာမိုး၊ မင်္ဂလာပန်းကြဲပေးသော မစန္ဒာလင်း၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မဇင်ထူးမွန်၊ Flower Girl အဖြစ်သမီး မမိုးဖြူစင်ဇော်၊ သတို့သားအရံကိုမိုးမြင့်ဦးနှင့် သတို့သမီးအရံ မငုဝါနိုင်တို့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှပြုပြင်ပေးသော အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနား ပန်းအလှပြင်ဆင်ပေးသော ကိုမျိုးဝင်းအောင်နှင့်အဖွဲ့၊ မှတ်တမ်းတင်ဗီဒီယိုဓာတ်ပုံရိုက်ကူးပေးသော ဝဏ္ဏခွာနီးနှင့် အဖွဲ့၊ တေးဂီတဖြင့်ဖျော်ဖြေပေးသော Lazy Club (ကိုနိုင်ဇော်နှင့်အဖွဲ့)အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်မချီးမြှင့်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအောင်မြင်စွာကျင်းပနိုင်ရန် အဘက်ဘက်မှ ကူညီပေးကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်း၊ ရူပဒဂုံကုမ္ပဏီမှ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း၊ ၂၅-၃-၂၀၀၇ရက် (Western Part)၌ကျင်းပသော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အိုက်ဟင်-မနှင်းဇာမိုး။

မွေးနေ့ဆုမွန်လွှာ

ချစ်သောမေမေ **ဒေါ်ကောသီခိုင်** ၏ ၂၆-၃-၂၀၀၇ရက်တွင်ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင်အောင် ဖေဖေကြီး၊ သမီးကြီး၊ သမီးလတ်၊ သားငယ်တို့နှင့်အတူ အစဉ်လက်တွဲ၍ သာယာချမ်းမြေ့သောဘဝခရီးကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ချစ်ခင်ပွန်း – **ဦးဇော်လွင်ဝင်း ခရိုင်ငါးလုပ်ငန်းဦးစီးမှူး၊ ကော့သောင်းမြို့။**
ချစ်သမီးကြီး – **တင်သန္တာခိုင်ဝင်း Grade 11-E အထက(၂) စမ်းချောင်း။**
ချစ်သမီးလတ် – **ထက်မြတ်ကေခိုင် Grade 10-D အထက(၂) စမ်းချောင်း။**
ချစ်သားငယ် – **ကိုးကိုး။**

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သတိပဋ္ဌာန်လမ်းနေ
ဦးလှမြင့်(လ/ထ ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နေပြည်တော်)-ဒေါ်ခင်ကြူတို့၏
တစ်ဦးတည်းသောသား

မောင်နေအောင်ခိုင် (Second Mate. F.G)

3rd Officer (Uniteam Marine Ltd.,)

နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ (ဦးယဉ်ကြူ)-ဒေါ်ကြည်ကြည်ဝင်း
တို့၏သမီးငယ်

မနှင်းဝေယဉ် (Bachelor of Technology)

Electronic Engineering , NUS, Singapore

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီချက်အရ ၂၅-၃-၂၀၀၇ရက်တွင် Singapore နိုင်ငံ တရားရုံးတွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
နေအောင်ခိုင်-နှင်းဝေယဉ်။



အမ္ဗာရာမ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၅

ရန်ကုန်မြို့ ကြည့်မြင်တိုင် ပန်းလှိုင်လမ်း အမ္ဗာရာမဝိပဿနာကျောင်းတိုက်၌ အမ္ဗာရာမ ဆရာတော်ကြီးများဖြစ်ကြသော ဆရာတော်အရှင် ဦးတိက္ခိန္ဒြိယ၊ ဆရာတော်ဦးတိက္ခတို့၏ ညွှန်ပြတော်မူခဲ့သည့်နည်းအတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားတော်ကို ဧပြီ ၁၁ ရက်မှစ၍ သင်္ကြန်အခါတော်ရက်အတွင်း ခုနစ်ရက် တရားစခန်းဖွင့်၍ တရားအားထုတ်ကြမည်ဟု သိရသည်။

(က-ပ)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးလှဒင်-ဒေါ်ချိုတို့၏ သားဖြစ်သူ မောင်အောင်မြင့်သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘများအားအကြိမ်ကြိမ်ဒုက္ခပေးသည့်အတွက် ယနေ့မှစ၍သားအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးလှဒင်-ဒေါ်ချို။



ကျေးဇူးဆပ်ပါမည်

ကျွန်မ အေးအေးနိုင် ၁၂/မဂဒ(နိုင်) ၀၀၅၇၃၇ ကိုင်ဆောင်သူသည် P.P အမှတ်-၆၇၈၅၇၂ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကပေးပို့ပါရန်။

ဖုန်း-၀၉-၅၀၀-၈၅၀၇။

မူးယစ်ကင်းစင် အလှဆင်

သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့်စိုက်ပျိုးထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့်မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးတို့ ပူးပေါင်းစီစဉ်မှုဖြင့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှုနည်းပညာအခြေခံသင်တန်း အမှတ်စဉ်(၃)ကို ဧပြီ ၃ရက်မှ ၉ရက်အထိ တောင်ကြီးမြို့ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း ရေအေးကွင်းရပ်၌ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

ပို့ချမည်

အဆိုပါ သင်တန်း၌ သရက်၊ လိမ္မော်၊ နာနတ်၊ ငှက်ပျော၊ ခရမ်းချဉ်နှင့် အာလူး စသည့် သီးနှံများ၏ စနစ်တကျ စိုက်ပျိုးထုတ်လုပ်မှု နည်းစနစ်များ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများနှင့် ဈေးကွက် တင်ပို့ရောင်းချမှု နည်းပညာများကို သင်ကြားပို့ချပေးမည်ဖြစ်သည်။

ဆက်သွယ်လျှောက်ထားနိုင်

ယင်းသို့ဖွင့်လှစ်ရာတွင် သင်တန်းသား ၇၀တို့အား လက်ခံပို့ချပေးမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများသည် မတ် ၃၁ရက်နောက်ဆုံးထား၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး မြို့မဈေး တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၄၈၉၆၊ ၂၄၈၉၅၊ပြည်နယ်မန်နေဂျာရုံး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၁၈၃၊ ၂၁၆၂၇၊ ဦးအောင်ကျော်ညွှန့် ဗဟိုအလုပ်အမှုဆောင် မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အောင်နှယ်ပွဲရုံ (ရပ်စောက်) ဗိုလ်ချုပ်လမ်း ဇော်ဂျီရပ်ကွက် ရပ်စောက်မြို့ ဖုန်း-၀၉-၅၁-၈၆၇၂၇၊ ၀၈၁-၄၀၁၆၇၊ ရပ်စောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဖုန်း-၀၈၁-၄၀၀၆၈၊ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ် ၂၆၂/၂၆၄ ပြည်လမ်း ဒဂုန်စင်တာ Block (A), 6th Floor ဖုန်း-၅၀၃၅၁၆မှ ၅၀၃၅၁၉အထိ လိုင်းခွဲ(၁၁၃)၊ ဖက်စ်(၅၁၆၆၁၆)၊ အီးမေးလ်- DAGON @ mptmail. net.mm တို့သို့ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဓမ္မဒူတ ဓမ္မပူဇာသဘင် တရားပွဲ

ရန်ကုန် မတ် ၂၅

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာ(အောက်)လမ်း မိသားစုက မတ် ၃၁ရက် ည ၇နာရီတွင် အရှင်သိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ဧပြီ ၁ရက် ညနေ ၅နာရီတွင် ကိုးဘွဲ့ရအရှင်အာစာရာလင်္ကာရ ဆရာတော်၊ ၂ရက် ည ၇နာရီတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဖလားဝါးနယူးစ်ဂျာနယ်ဖြန့်ချီ

ရန်ကုန် မတ် ၂၅

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၁၃)တွင် ကျိုက်ထီးရိုးစေတီတော်ကို အင်ဂျင်နီယာရှုထောင့်ဖြင့်တိုင်းတာ ထူးဆန်းစွာဖြစ်တည်နေမှုကို ရှင်းလင်းမပြနိုင်သေး၊ ကြက်ဘဲဈေးသို့ဝင်လာသည့် ကြက်ဘဲများ ရောဂါကင်းရှင်းရေး ထပ်မံစစ်ဆေးဦးမည်ဟုဆို၊ နဝမတန်းအောင်ရုံဖြင့် နိုင်ငံတကာလေကြောင်းလိုင်းအဖွဲ့အစည်းနှင့် စင်ကာပူအစိုးရကျောင်းများသို့ တိုက်ရိုက်တက်ရောက်နိုင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာတက္ကသိုလ်များ ညီလာခံမှ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ အစည်းအရုံးကြီးဖွဲ့စည်းနိုင်ခဲ့၊ ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်တွေ့ရှိသော်လည်း ကြက်ဥ၊ ဘဲဥ အရေအတွက် လျော့ကျသွားခြင်းမရှိ စသည့် ပြည်တွင်းရေးရာ သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိနေပြီဖြစ်သည်။

နောက်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အဆင်သင့်ဖြစ်ပြီလား အာဆင်နယ်အားကစားဆောင်းပါးနှင့်အတူ အဂတိလိုက်စားမှုတိုက်ဖျက်ရန် ပြုပြင်ပြောင်းလဲမှုများ တရုတ်နိုင်ငံအရှိန်မြှင့်၊ စေတစ်လုံးယာဉ်စီးကတ် တိုကျိုပို့ဆောင်ရေးကွန်ရက်တွင် စတင်အသုံးပြု၊ လွတ်လပ်စွာကုန်သွယ်မှု ပဋိညာဉ်များကြောင့် စင်ကာပူကုမ္ပဏီများ ကောင်းကျိုးရနေ၊ မူလတန်းပညာရေး သင်ထောက်ကူ ချစ်မွေးခွေးကလေးဖြင့် စမ်းသပ်စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က ဖြန့်ချီထားပြီဖြစ်သည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၂၆-၃-၂၀၀၇ ရက် (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၁၀ ၇။ စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
- ၈:၂၀ ၈။ **(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်**
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Grammar Made Easy
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (စိတ်ပညာအထူးပြု) [စိတ်ပညာ]
- ၁၆:၄၅ ၄။ အကပဒေသာ
- ၁၇:၀၀ ၅။ မြန်မာ့ရိုးရာတောခလေ့ ကျေးလက်တေးသံများ
- ၁၇:၁၀ ၆။ မြန်မာစာ မြန်မာစကား
- ၁၇:၂၅ ၇။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
- ၁၇:၃၅ ၈။ **"ချောင်းကမ်းဘေးကရွာကလေး"** နွဲ့နွဲ့စန်း၊ မြင့်မြင့်ခိုင်၊ ထင်ပေါ်၊ သဇင် [ဒါရိုက်တာ-မြင့်စိုး (ဝ/သရန်ကုန်)]
- ၁၇:၄၅ ၉။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၆ခုနှစ်)
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
- ၁၉:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သစ္စာ ဘဝပင်ခြားသော်လည်း"** (အပိုင်း-၆)
- ၁၉:၄၀ ၁၄။ **(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်**
- ၁၉:၅၀ ၁၅။ ပြည်သူ့အတွက်တပ်မတော် (ကျန်းမာရေး၊ သိပ္ပံနည်းပညာ၊ ပညာရေး)
- ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၂၁:၀၀ ၁၉။ **(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း "အဖေတူသား" (ဇာတ်သိမ်းပိုင်း) ဇင်ဝိုင်း၊ လူမင်း၊ မင်းမော်ကွန်း၊ နေမျိုးအောင်၊ ထွန်းထွန်း(Examplez)၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ နန္ဒာလှိုင်၊ သက်မွန်မြင့်၊ (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

လောင်းလုံးမြို့နယ် အရန်သားဖွားဆရာမများ သင်တန်းဆင်း

လောင်းလုံး မတ် ၁၈

လောင်းလုံးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အရန်သားဖွားဆရာမများ သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၃ရက် နံနက် ၉နာရီခွဲက မြို့နယ်ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်စမ်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်ဦးဆွေက သင်တန်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အတွင်းရေးမှူး ဦးဉာဏ်စိုးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဇော်ဦးဆွေတို့က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**

မန္တလေးမြို့တော်ဝန် ပိုလ်မှူးချုပ်ဖုန်းဇော်ဟန် သာသနာ့မြေအတွင်းနေ မိသားစုဝင်များအား တွေ့ဆုံ လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ မှာကြား

မန္တလေး မတ် ၂၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် မတ် ၁၄ရက် ညနေ ၃ နာရီက ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ ၈၆ လမ်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ အောင်မြေသာစံမြို့နယ် မဲအိုးတန်းရပ်ကွက်အတွင်းရှိ အလ္လကပ္ပကျောင်းတိုက်၊ သီရိမာလာကျောင်းတိုက်၊ အောင်ချမ်းသာကျောင်းတိုက်အတွင်း၌ နေထိုင်လျက်ရှိသော မိသားစုဝင်များအားတွေ့ဆုံ၍ လုပ်ငန်းများ၊ အဆောက်အအုံဆောက်လုပ်နေထိုင်ခွင့်များ၊ လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊စည်းကမ်းချက်များနှင့် ပတ်သက်၍ တွေ့ဆုံ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အမှာစကားပြော

ရှေးဦးစွာ မြို့တော်ဝန်က အမှာစကားပြောကြားရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် မန္တလေးမြို့အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော မြို့ဖြစ်စေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီက မန္တလေးမြို့နယ်အတွင်းနှင့် သာသနာ့နယ်မြေများအတွင်း လူနေတိုက်တာ အဆောက်အအုံများ၊ လူနေထိုင်မှုနှင့် ခိုလှုံနေထိုင်ခွင့်များ၊ လုပ်ငန်းအမျိုးအစား အလိုက် လုပ်ငန်းလိုင်စင်များကို စည်ပင်သာယာ ဥပဒေစည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စနစ်တကျ ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းလိုင်စင်များ ချထားပေးလျက် ရှိကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်း အမှာစကား ပြောကြားသည်။

ဆောင်ရွက်ပေး

ဆက်လက်၍ တက်ရောက်လာကြသော မိသားစုဝင်များ၏ တင်ပြချက်များကို တာဝန်ရှိသူများက ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးကြပြီး မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်က တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။ **(သတင်းစဉ်)**

ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆ – ၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်းစည်ပင်သာယာရေး အဖွဲ့နှင့် ပြည်သူ ပူးပေါင်းဆောင်ရွက်မည့် သုခမှာ လမ်းကတ္တရာ ခင်းရန်အတွက် ကျောက်စုဆောင်းထားရှိမှုကို ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းလှအောင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အိုင်အိုဒင်းဆား

ဖေဖော်ဝါရီ ၂၈ရက်က ဘုရားသုံးဆူမြို့ အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းဦးဆောင်၍စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆရာဝန်နှင့် ဒေသခံလူမှုရေးအသင်းအဖွဲ့များဖြင့် မြို့မဈေးကြီးအတွင်းရှိ အိမ်ဆိုင်များနှင့် ကုန်စုံဆိုင်များတွင်ရောင်းချသော ဆားများတွင် အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေးကြစဉ်။

(မြို့နယ်စည်ပင်)

သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်

အင်းစိန်မြို့နယ် အမှတ်(၂၇) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၆–၂၀၀၇ပညာသင်နှစ် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ်၁၁ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးစန်းက စတုတ္ထတန်းမှ မမြသင်းထုံအား သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ချီးမြှင့်စဉ်။ (က–ပ)

ကွင်းဆင်းစစ်ဆေး

မြောက်ဦးမြို့နယ်မီးသတ်တပ်ဖွဲ့ စခန်းကကြီးမှူး၍မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် နဝရတ်ဟိုတယ်ကို မတ် ၅ရက်က မြို့နယ် မီးသတ်တပ်ဖွဲ့ စခန်းတာဝန်ခံ တပ်စုမှူး ရဲဇလမြင့်ဝေနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊အရန်မီးသတ် တပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

မိုးကြိုဂုန်လျှော်၊ ချည်ပေါင်လျှော် စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ၊ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချည်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ၊ မြေခံမြေဩဇာအဖြစ် တစ်ကေလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ၊ ရေတင်သွင်းရာတွင် အောက်ရေ ဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ၊ အပင်ပေါက် ရာခိုင်နှုန်း(၈၀)နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော်တစ်ကေလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချည်ပေါင်လျှော်တစ်ကေလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။

၆။ အစိုဓာတ် အချိန်မီအောင်စိုက်ပျိုးပါ၊ မျိုးစေ့ချ စိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ၊ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ၊ ပုရစ်ကျရောက်မည့်အန္တရာယ်ရှိပါက မှူးစာအဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့်အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
နှောင်းတန်ခူးလဆန်း ၁၀ ရက်
၂၇–၃–၂၀၀၇
(အင်္ဂါနေ့)
(တပ်မတော်နေ့)

နံနက်ပိုင်း

၀၆း၀၀ (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တိုက်ရိုက်အသံလွှင့်ခြင်း

နေ့လယ်ပိုင်း

၀၉း၃၀ ဟောပြောချက် (နိုင်ငံတော်အတွက် ပြည်သူ့တပ်မတော်)
၀၉း၄၀ ကလေးများ၏ တပ်မတော်နေ့ဂုဏ်ပြုစစ်ချီတေး
၁၁း၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (ဝါးပင်အကြောင်း သိကောင်းစရာ)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (ခေတ်အဆက်ဆက် တပ်မတော်)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ပသံသာ–ပါရဂူ)
၁၂း၂၀ ဇာတ်လမ်းပမာ နားဆင်စရာ (သည်းဦးပန်းမို့ လန်းစေမည်)
၁၂း၄၅ ကဏ္ဍစုံစွာ ဆွေးနွေးစရာ (တေးပြုစာဆို အကယ်ဒမီဂီတလုလင် ဦးကိုကို)

ညနေပိုင်း

၁၆း၁၅ ဆိုကြမြိုင်မြိုင် တေးသံပြိုင်
(၁) ဒို့ပြည်ကို ဒို့ချစ်သည် (မြတ်အဖွဲ့)
(၂) ပေါင်းစုအင်အား (မောင်ကိုကိုအဖွဲ့)
(၃) အသက်သွေးပမာ (မိုးအဖွဲ့)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဆုရတေးများ
၁၇း၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (အလွယ်တကူ ကိုယ်အလေးချိန်လျှော့ချနည်း) (ဒေါက်ထွေး–ဆေး/မန်း)
၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်
၁၈း၂၅ ကျေးလက်ဇာတ်လမ်း (ချစ်မေမေ)
၁၉း၁၅ တပ်မတော်နေ့ ဂုဏ်ပြုအငြိမ့် (မင်းသမီး–မေယုမော်၊ တိတ်ခွေ၊ ချွန်စက်၊ ကင်မရာ၊ ကိုကိုစက်)
၂၀း၄၀ ဆွေးနွေးခန်း (ခေတ်အဆက်ဆက် မျိုးချစ်တပ်မတော်)

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး ရေလယ် ရွှေမဥ္ဇူစေတီ ထီးတော်အသစ် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနီယ ပွဲတော်ကို မတ် ၁၂ရက်က ကျင်းပရာ နာယက ဆရာတော် ဦးဇိနထံ မြောက်ပိုင်းတိုင်း စစ် ဌာ န ချုပ် တိုင်းမှူး ဗိုလ်ချုပ် အုန်းမြင့်၊ ဇနီး ဒေါ်နုနုဆွေနှင့် မိသားစုက စိန်ဖူးတော်ဆက်ကပ်စဉ်။ (၁၅၂)

မြိတ်မြို့ လေးကျွန်းဆီမီးစေတီ ဗုဒ္ဓပူဇနီယပွဲ ဆွမ်းဆန်တော်လောင်းလှူ

မြိတ် မတ် ၁၀

တနင်္သာရီတိုင်း မြိတ်မြို့ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင် လေးကျွန်းဆီမီးစေတီ (၂၇၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယ တပေါင်းပွဲတော် ဆွမ်းဆန်တော်လောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို မတ်၃ရက် ညနေ၄နာရီက လေးကျွန်းဆီမီးစေတီ ဗုဒ္ဓသာသနာ့ဗိမာန်၌ ကျင်းပသည်။

အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး စေတီတော် ဩဝါဒါစရိယ ကန်သာဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍညထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်တော် မူကြသည်။

ဆက်ကပ်

ထို့နောက် ကန်သာဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဏ္ဍညက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်ဇော်ဦးနှင့် အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ ဆက်လက်၍ တိုင်းမှူးနှင့် အလှူရှင်များက သံဃာတော် ၉၂ပါး၊ သီလရှင် ၁၆ပါး စုစုပေါင်း ၁၀၈ပါးတို့အား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

ဖေဖော်ဝါရီ ၂၇ရက်က မြန်အောင်မြို့ ပြည်သူ့ဆေးရုံတွင် သုံးစွဲရန်အတွက် အမေရိကန်နိုင်ငံရောက် မြန်မာကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုန္ဒရ ဆရာတော်အားအမှူးထား၍ ဦးကျော်မြင့်၊ ဒေါ်ညို၊ ဦးသိန်းလှိုင်၊ ဒေါ်ခင်ဝင်းကြည်မိသားစုတို့က ချွဲစုပ်စက်၊ အောက်စီဂျင်စက်နှင့် သွေးပေါင်ချိန်တိုင်း ကိရိယာတစ်စုံတို့ကို မြန်အောင်မြို့ ပြည်သူ့ဆေးရုံ ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာညိုညိုဦးထံ ပေးအပ်လှူဒါန်းစဉ်။

(မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်များသို့ ရေဒီယိုနှင့် စာအုပ်စာစောင်များလှူဒါန်း ဓာတ်ပုံ၊နံရံကပ်စာစောင်များပြသ၊ အသိပညာပေးဟောပြော

မြစ်ကြီးနား မတ် ၈

ကချင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ ရေဒီယို၊ စာအုပ်စာစောင်များ လှူဒါန်းပွဲနှင့် ဓာတ်ပုံ၊ နံရံကပ်စာစောင်များ ပြသပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက် နံနက် ၁၀နာရီက မြစ်ကြီးနားမြို့ ပလနကျေးရွာအုပ်စု ပိတောက်မြိုင်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်အုံးက ဘဝတက္ကသိုလ် ဟူသော ခေါင်းစဉ်ဖြင့် အမျိုးသမီးများ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိမှတ်စရာ၊ လိုက်နာစရာများကို အသိပညာပေး ဟောပြောသည်။

ဆက်လက်၍ မြစ်ကြီးနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်စိုးစိုးထွန်းက ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ရှင်သန် တိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး၊ စာဖတ်ချိန် ပိုမိုတိုးမြှင့်ရေးတို့ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်အုံးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဒေါ်စိုးစိုးထွန်းတို့က စည်းရုံးရရှိသော ရေဒီယိုနှင့် စာအုပ်စာစောင်များကို လှူဒါန်းရာ ပလနကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးဝင်းနိုင်က လက်ခံယူသည်။

(ပြည်နယ် ပြန်/ဆက်)

ပန်းအလှပျိုးဥယျာဉ်

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ပန်းအလှပျိုးဥယျာဉ်ကို ဖေဖော်ဝါရီ ၈ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်စန်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငွေစိုးတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ဥတို-သနပ်ချောင်းလမ်း ဂဝံခင်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၆ ရက်က စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်ကြူကြူခင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက်(၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက် နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံး ပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မီးဘေးရှောင် မလောင်ခင်တား

မဟာသုဝဏ္ဏကျောင်း တရားစခန်းပွဲ

ရန်ကုန် မတ် ၂၅

သုဝဏ္ဏမြို့ မဟာသုဝဏ္ဏကျောင်းတိုက်၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်မည့် ယောဂီများနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်းအတွက် လှူဒါန်းလိုကြသည့် ကုသိုလ်ရှင်များသည် ဖုန်း- ၅၇၇၀၁၅ သို့ ကြိုတင်၍ စာရင်းသွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လည်နေ့ခင်းတွင် အရိပ်ရ၍ လေဝင် လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြေယာရှုခင်း အလှဆင်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဗလမင်းထင် တံတားအနီး မြေယာရှုခင်း အလှဆင်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၆ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုး ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)



မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေး ပညာပေးဟောပြော အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်

တောင်ကြီး မတ် ၂၀

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့က ကြီးမှူးကျင်းပသော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးဟောပြောပွဲအခမ်းအနားကို မတ်၁၀ရက် မွန်းလွဲ၂နာရီက တောင်ကြီးပညာရေးကောလိပ် ပညာရတနာခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပညာရေးကောလိပ်ကျောင်းသူများ တက်ရောက်ကြသည်။

အမှာစကား

အခမ်းအနားတွင် ပညာရေးကောလိပ်ကျောင်းသူလေးများက ဇာတိမာန်သီချင်းဖြင့် ဂုဏ်ပြုသီဆိုပြီး ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ဆက်လက်၍ စာရေးဆရာမ ဆွေကြည်အေး၊ စာရေးဆရာမ သျှီ(အင်ကြင်း)နှင့် ယဉ်ကျေးမှုအဖွဲ့ခွဲ တာဝန်ခံ ဒေါ်မြမြကြည်တို့က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအကြောင်းအရာများကို ဟောပြောကြပြီး ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်အဆိုပြုလွှာ၊မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်အဆိုပြုလွှာများကို ပညာရေးကောလိပ်ကျောင်းသူလေးများက ပေးအပ်ရာ ပြည်နယ်တာဝန်ရှိသူများက လက်ခံရယူကြကာ ဟောပြောသူများအား နာယကနှင့်အဖွဲ့ဝင်များက အမှတ်တရ လက်ဆောင်ပေးအပ်သည်။

(ပြည်နယ်အမျိုးသမီးရေးရာ)

တရားမဝင်သယ်ပို့သော ငါးရှဉ့်နှင့် ကဏန်းများ သိမ်းဆည်းမိ

ရန်ကုန် မတ် ၂၅

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် ဒေသအတွင်း ရေထွက်ပို့ကုန်များမှ နိုင်ငံခြားဝင်ငွေရရှိစေရန်နှင့် တရားမဝင် ပို့ဆောင်နေမှုများကို တားဆီးဟန့်တားနိုင်ရန် စစ်ဆေးရေးဂိတ်များ၌ ဝန်ထမ်းများချထား စစ်ဆေးခဲ့ရာ မတ် ၉ရက်က မော်လမြိုင် စက်မှုဇုန် စုပေါင်းစစ်ဆေးရေးဂိတ်၌ မြဝတီမြို့နှင့် ကော့ကရိတ်မြို့များသို့ ထွက်ခွာမည့် ခရီးသည်တင်ဟိုင်းလတ်ယာဉ်နှစ်စီးပေါ်မှ အထောက်အထားမဲ့သယ်ဆောင်လာသည့်ကဏန်းအရှင်ဆွဲခြင်းလေးခြင်းနှင့် ငါးရှဉ့်အရှင်ပလတ်စတစ်ပုံး ၁၁ ပုံးတို့ကို ပိုင်ရှင်မဲ့စစ်ဆေး သိမ်းဆည်းရမိခဲ့သည်။

ရောင်းချ

ဖမ်းဆီးရမိခဲ့သည့် ငါးရှဉ့်နှင့်ကဏန်းများထဲတွင် မျိုးထိန်းသိမ်းရန်ကန့်သတ်ထားသည့်အရွယ်အစားများပါဝင်နေသည့်အတွက်၁၀၀ ဂရမ်အောက်ကဏန်း၃၇ကီလိုနှင့် လုံးပတ် ၅စင်တီမီတာအောက် ငါးရှဉ့် ၃၅ကီလိုတို့ကို ၎င်းတို့နှင့်သက်ဆိုင်သည့်သဘာဝရေပြင်များသို့ အသီးသီး ပြန်လွှတ်ပေးခဲ့ကြပြီး ရောင်းတမ်းဝင်ကဏန်းအရှင်၇၅ပိဿာနှင့် ငါးရှဉ့်ပိဿာ ၁၃၀တို့ကို သိမ်းယူပြီး အဖွဲ့ဖြင့်လေလံတင်ရောင်းချခဲ့ရာစုစုပေါင်းတန်ဖိုးငွေကျပ် ၆၇၇၅၀၀ကို ပြည်သူ့ဘဏ္ဍာအဖြစ် ပေးသွင်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်သော ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးဦးချစ်မောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဌေးလှိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးမှူး ဦးခင်သိန်းနှင့် ဝန်ထမ်းများ၊ ထန်းတပင်မြို့မဈေးအတွင်း မတ်၇ရက်က ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်တားဆီးကာကွယ်ရေး ပညာပေးလုပ်ငန်းများနှင့် ကာကွယ်မှုနည်းပညာပေး ပိုစတာများအားဈေးအတွင်း ကပ်ရိုက်ခြင်းတို့ကို ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

အုတ်ရှစ်ကုန်း–ကမ်းပါးဖြူလမ်း ကျောက်ချောခင်း

ရေနံချောင်း မတ် ၁၀

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သော ရေနံချောင်းမြို့ အုတ်ရှစ်ကုန်း–ကမ်းပါးဖြူလမ်းကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက စုပေါင်း၍ကျောက်ချောလမ်း အရှည်ပေ ၂၀၁၀၊အကျယ်၁၂ပေခင်းခြင်းလုပ်ငန်းကိုမတ်၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၃) ဦးကျော်စွာလင်း ကြီးကြပ်ဆောင်ရွက်ရာသို့ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင့်လွင်ဦး ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

မှုခင်းကျဆင်းရေးဆွေးနွေး စာအုပ်များပေးအပ်လှူဒါန်း

ဂန့်ဂေါ မတ် ၅

ဂန့်ဂေါမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းသည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၁၉ရက်က ကန်ကျေးရွာ ဓမ္မာရုံ၌ ကန်၊ ကန်သာ၊ ဘော်ပြင်း၊ ကျွန်းခုံသာကျေးရွာများမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပ၍ အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများ၊ လူမှောင်ခိုတားဆီးရေးနှင့် မှုခင်းကျဆင်းရေးကိစ္စများကို ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌသည် အဆိုပါကျေးရွာစာကြည့်တိုက်များအတွက် မေမြန်မာဂျာနယ် အပါအဝင် စာအုပ်များပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၂၇၃)**

မြို့နယ် သတင်းများ

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ...

လားရှိုးမြို့နယ် ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေးဆောင်ရွက်

လားရှိုး မတ် ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်းသည် မြို့နယ်ဦးစီးမှူး ဒေါ်ခင်ညွှန့်၊ အကြီးတန်းစာရေး ဒေါ်အိအိသိမ့်တို့နှင့်အတူ ဟိုပိတ်ကျေးရွာ ပညာအလင်းစာကြည့်တိုက်သို့ ဇန်နဝါရီ၂၈ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ ပညာအလင်း စာကြည့်တိုက်သို့ ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် အထောက်အကူပြု ရေဒီယိုတစ်လုံးနှင့် စာအုပ်စာစောင် ၂၀၀တို့ကို ခရိုင်ဦးစီးအရာရှိက လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးခင်မောင်ထွေးက လက်ခံယူသည်။ **(ခရိုင် ပြန်/ဆက်)**

ဒဿနလမင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့် သုတ၊ ရသစာအုပ်မျိုးစုံနှင့် ငွေပဒေသာပင်လှူဒါန်း

ရေစကြို မတ် ၁၈

ရေစကြိုမြို့နယ် ဖြူဘူးကျေးရွာရှိ ဒဿနလမင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ခိုင်မာသည့်စာကြည့်တိုက်ဖြစ်ပေါ်လာစေရေးအတွက် ဖြူဘူးကျေးရွာမှ အလှူရှင် ဦးတင့်လွင် မိသားစုတို့ လှူဒါန်းသည့် ငွေကျပ် ၁၀သိန်းတန် ဒဿနလမင်း အဆောက်အအုံသစ်ဖွင့်ပွဲ၊ သုတ၊ ရသ စာအုပ်မျိုးစုံ ၈၀၀ ကျော်နှင့် ငွေပဒေသာပင်အဖြစ် ငွေကျပ် သုံးသိန်းလှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၀ရက် နံနက်၁၀နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ခိုင်နှင့် အလှူရှင် ကိုယ်စား ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်ခိုင်ကစာကြည့်တိုက်များ ရေရှည် တည်တံ့ခိုင်မြဲရေး၊ စာကြည့်တိုက်ပိုင် စာအုပ်များ စနစ်တကျထားရှိရေး စာပေဖတ်ရှုခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးပြီး စာအုပ်များ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နောင်အန်ကျေးရွာကိုယ့်အားကိုယ်ကိုး ရုပ်မြင်သံကြား ကြည့်ရှုရေးစခန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်က ကျေးရွာပညာ့အလင်းစာကြည့်တိုက်၌ ကျင်းပရာ သီပေါမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ကြည်၊ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံတာဝန်ခံ ဦးအောင်ကျော်နှင့် ရုပ်မြင်သံကြားကြည့်ရှုရေးစခန်း ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ကျေးရွာဥက္ကဋ္ဌ ဦးစိုင်းစိန္တာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျန်းမာသန့်ရှင်းရေးဆောင်ရွက်

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် ဆောင်ရွက်ချက်တစ်ရပ်အဖြစ် ပေါက်တောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ကျန်းမာရေးဌာနဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များစုပေါင်းပြီး ဖေဖော်ဝါရီ ၂၇ရက်က ပေါက်တောမြို့ မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်ပြီး ကျန်းမာသန့်ရှင်းရေးဆိုင်ရာလုပ်ငန်းများကို စိစစ်ကြပ်မတ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း
ဘင်္ဂလားဒေ့ရှ် အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ်ထံ ဝမ်းမြောက်သဝဏ်လွှာပေးပို့

နေပြည်တော် မတ် ၂၆

၂၀၀၇ ခုနှစ် မတ် ၂၆ ရက်တွင် ကျရောက်သော ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းထံမှ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ အိမ်စောင့်အစိုးရအဖွဲ့ အကြံပေးအရာရှိချုပ် ဒေါက်တာ ဖာ့ခ်ရုဒင် အာမက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နေပြည်တော် တပ်မတော်ပန်းခြံသို့
အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေနိုင်

နေပြည်တော် မတ် ၂၅

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနား ကျင်းပမည့် နေပြည်တော် စစ်ရေးပြကွင်းကြီးအတွင်းရှိ တပ်မတော်ပန်းခြံအား မတ် ၂၇ ရက် (တပ်မတော်နေ့)တွင် မွန်းတည့် ၁၂နာရီမှ ည ၉နာရီအထိလည်းကောင်း၊ မတ် ၂၈ ရက်မှ မတ် ၃၁ ရက်အထိ နေ့စဉ်နံနက် ၇နာရီမှ ည၉နာရီအထိလည်းကောင်း ဖွင့်လှစ်ထားမည်ဖြစ်ရာ အများပြည်သူများ လာရောက်ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ကြိုဆို
ပုသိမ်–ဟင်္သာတ–ကြံခင်းရထားလမ်းရှိ ဖားတစ်ရှဉ်းတံတားဖွင့်

ရန်ကုန် မတ် ၂၅

၂၀၀၇ ခုနှစ် (၆၂) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ပုသိမ်–ဟင်္သာတ–ကြံခင်းရထားလမ်းပိုင်း၊ မြန်အောင်ဘူတာနှင့် ကြံခင်းဘူတာအကြား မိုင်တိုင်အမှတ် ၁၇၂/၁၄–၁၅ မိုင်တွင် တည်ရှိသည့် ဖားတစ်ရှဉ်းတံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီက အဆိုပါတံတားအနီးရှိ မုခ်ဦးရှေ့၌ ကျင်းပသည်။

စာမျက်နှာ ၈ ကော်လံ ၁ *

မိုးလေဝသအခြေအနေ

၂၆–၃–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေး

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

UNODC က ၂၀၀၆ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများ အစီရင်ခံစာထုတ်ပြန်
မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးပပျောက်ရေး၊ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးနှင့် HIV/AIDS ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအောင်မြင်
မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ခဲ့၍ဖြစ်
၂၀၀၄ မှ ၂၀၀၆ ခုနှစ်အတွင်း လူပေါင်းများစွာ ဘိန်းဖြတ်နိုင်ခဲ့ပြီး နှစ်သိမ့်ဆွေးနွေးပညာပေးနိုင်
မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းဖြင့် ဘိန်းကင်းမဲ့ဇုန်များဖြစ်အောင် ကြိုးပမ်းနိုင်ခဲ့
မြန်မာ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ၂၉ ရာခိုင်နှုန်းကျဆင်းလာ
မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု ၃၄ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ဖော်ပြထား

နေပြည်တော် မတ် ၂၅

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး (UNODC) က ၂၀၀၆ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာအဖြစ် ယခုလအတွင်း ထုတ်ပြန်ခဲ့ရာ မြန်မာနိုင်ငံ၌ မူးယစ်ဆေးဝါးပပျောက်ရေး၊ လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရေးနှင့် HIV/AIDS ရောဂါကြိုတင်ကာကွယ်ကုသရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက် အောင်မြင်လျက်ရှိကြောင်း ဖော်ပြထားသည်။

အဆိုပါ UNODC ၏ နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ ၂၀၀၆ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှုကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ UNODC သည် မူးယစ်ဆေးဝါးဝယ်လိုအား လျော့ကျစေရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လူမှုရေးကူညီထောက်ပံ့မှုစီမံချက်ဖြင့် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။ **စာမျက်နှာ ၇ ကော်လံ ၁** ■

မြန်မာ့အလင်း

(၆၂)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

၁၉၄၅ ခုနှစ်က လွတ်လပ်ရေးနေ့ အဓိဋ္ဌာန်နှင့် ထပ်တူညီမျှဖြစ်သော ယနေ့ ဦးတည်ချက်များ

လွတ်လပ်နေသော ပြည်ထောင်စုကြီးအဖြစ် အစဉ်တည်မြဲနေစေအောင် တိုင်းရင်းသားပြည်သူလူထုကြီး၏ စည်းလုံးညီညွတ်မှုဖြင့်သာ ကာကွယ် စောင့်ရှောက်နိုင်ပေမည်။ လွတ်လပ်ရေး အရသာကို ပြည်သူတို့ အပြည့်အဝ ခံစား၊ စံစားနိုင်ရန် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားနေရမည်။

အလေးပြုပါသည်

သားကောင်းများ

မျိုးမြတ်မြတ်မြင့်မောင်၏ ကဗျာ (စာ ၅)

တက္ကသိုလ်မြတ်သူ၏ဆောင်းပါး (စာ ၄ နှင့် ၅)

ခေတ်မီတပ်မတော်တည်ဆောက်ဖို့ လိုအပ်နေပြီ

ရဲမင်းထက်၏ ကာတွန်း (စာ ၅)

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၅

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကျင်းပပုံကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်တို့မှ မတ် ၂၇ ရက် နံနက် ၆ နာရီမှစ၍ အခမ်းအနားကျင်းပရာ နေပြည်တော်စစ်ရေးပြကွင်းမှ တိုက်ရိုက်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)